# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ်(၃၅၁)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများစစ်ဆေး၊ တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

### မိမိကိုယ်ကို ကောင်းအောင်ဆောင်ရွက်ပြီး တပ်မတော်သားကောင်းများပီသစွာဖြင့် နိုင်ငံတော်နှင့် တပ်မတော်ကို ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်စစ်ဆေးပြီး တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖




## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❖ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်သို့ရောက်ရှိကြရာ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်က ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများ၊ အရာရှိ၊ စစ်သည်များ မိသားစုများ၏ သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်သွားရန်၊ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် နိုင်ငံပိုင်ရေပြင်များ လုံခြုံရေးလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ထိထိရောက်ရောက်နှင့် အကျိုးရှိအောင် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တိုင်းရန်အောင်ခန်းမ၌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တပ်နယ်မှအရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်စဉ်။

**စွမ်းရည်စွမ်းအားပြည့်ဝသည့် တပ်များနှင့် ကျန်းမာကြံ့ခိုင်ပြီး ရဲစွမ်းသတ္တိရှိသည့် တပ်မတော်သားများဖြစ်စေရေး**

ထိုသို့ တွေ့ဆုံအမှာစကား ပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိကြောင်း၊ ထိုသို့ကာကွယ်ရာတွင် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ ကာကွယ်ရန်၊ နိုင်ငံတော်သယံဇာတပစ္စည်းများကို ကာကွယ်ရန်နှင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့ တစ်ဖွဲ့ချင်းစီအလိုက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝနေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ အားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှုမပါရှိဘဲ မိမိတို့ သဘောဆန္ဒအလျောက် တပ်မတော်သို့ဝင်ရောက်အမှုထမ်းကြခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများ၏ တစ်ဦးချင်းအရည်အချင်းများပြည့်ဝစေရေး အဆင့်အလိုက် သတ်မှတ်ထားသည့် အခြေခံသင်တန်းများနှင့် သက်ဆိုင်ရာနယ်ပယ်များအလိုက် စစ်ပညာများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း။

**တပ်မတော်သားများ တစ်ဦးချင်းအနေဖြင့် အမြဲကျန်းမာကြံ့ခိုင်နေစေရေး မိမိတို့ နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ အလားတူ နေ့စဉ်ဆောင်ရွက်ရသည့် သမားစဉ်လုပ်ငန်းများကိုလည်း လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း။**

တပ်မတော်သား တစ်ဦးချင်းအနေဖြင့် ရဲစွမ်းသတ္တိ လုပ်ရဲကိုင်ရဲသည့် သတ္တိများရှိနေရန်လိုကြောင်း၊ တပ်မတော်သားအဖြစ် ဝင်ရောက်လာကြသူများသည် တပ်မတော်သားကောင်းတစ်ဦး၏ ဘဝကိုလိုချင်သောကြောင့် ဝင်ရောက်လာကြသူများဖြစ်ကြောင်း၊ တစ်ဦးချင်းအနေဖြင့် လုပ်လိုကိုင်လိုသောစိတ်၊ လုပ်ရဲကိုင်ရဲသည့်စိတ်များ ရှိရန်လိုကြောင်း၊ မိမိတို့ကိုင်ဆောင်သည့် လက်နက်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးချနိုင်ရန်အတွက် အမြဲလေ့ကျင့်နေရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နေမှသာ မိမိကိုယ်ကိုနှင့် မိမိကိုင်ဆောင်ရသည့် လက်နက်အပေါ် ယုံကြည်မှုရှိသည့် စိတ်ဓာတ်များ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအားလုံး လေ့ကျင့်သားပြည့်ဝနေစေရေး လေ့ကျင့်သင်ကြား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နေ့စဉ်ဆောင်ရွက်နေရသည့် လုပ်ငန်းများတွင် မိမိတို့ကို သင်ကြားပေးထားသည့် စစ်အတတ်ပညာရပ်များကို အမြဲအသုံးပြု ဆောင်ရွက်နေမည်ဆိုပါက လေ့ကျင့်သားပြည့်ဝလာမည်ဖြစ်ကြောင်း။

**တပ်တည်ဆောက်ရေး လုပ်ငန်းတာဝန်ကြီး ၄ ရပ်**

တပ် တည်ဆောက်ရေးနှင့်ပတ်သက်၍ လုပ်ငန်းစဉ်(၄)ရပ်ချမှတ် ဆောင်ရွက်နေကြောင်း၊ လေ့ကျင့်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိမိတို့နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းများအား မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းသည် လေ့ကျင့်ရေးဖြင့် တည်ဆောက်နေခြင်းပင် ဖြစ်ကြောင်း။

အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ဝတ်စားဆင်ယင်မှု၊ သွားလာနေထိုင်မှုနှင့် အခြားကဏ္ဍများတွင် အုပ်ချုပ်ရေးပိုင်းသည်ပါဝင်ကြောင်း၊ အုပ်ချုပ်ရေးပိုင်း ကောင်းမွန်မှသာ တပ်များ၏ စွမ်းရည်နှင့် စွမ်းအားများ ကောင်းမွန်မည် ဖြစ်ကြောင်း၊ တာဝန်ရှိသူများက အုပ်ချုပ်ရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ လိုက်ပါဆောင်ရွက်နေရသူများအနေဖြင့်လည်း မိမိတို့၏ တစ်ဦးချင်းအသိစိတ်ဓာတ်များဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အုပ်ချုပ် ထောက်ပံ့မှုများ

*စာမျက်နှာ ၄ သို့*

> ❒ **တပ်မတော်သားတစ်ဦးချင်းအနေဖြင့် ရဲစွမ်းသတ္တိ လုပ်ရဲကိုင်ရဲသည့် သတ္တိများရှိနေရန်လို၊ တပ်မတော်သားအဖြစ် ဝင်ရောက်လာကြသူများသည် တပ်မတော်သားကောင်းတစ်ဦး၏ဘဝကို လိုချင်သောကြောင့် ဝင်ရောက်လာကြသူများဖြစ်၊ တစ်ဦးချင်းအနေဖြင့် လုပ်လိုကိုင်လိုသောစိတ်၊ လုပ်ရဲကိုင်ရဲသည့်စိတ်များရှိရန်လို၊ မိမိတို့ကိုင်ဆောင်သည့် လက်နက်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးချနိုင်ရန်အတွက် အမြဲလေ့ကျင့်နေရန်လို၊ ထိုသို့ဆောင်ရွက်နေမှသာ မိမိကိုယ်ကိုနှင့် မိမိကိုင်ဆောင်ရသည့် လက်နက်အပေါ် ယုံကြည်မှုရှိသည့် စိတ်ဓာတ်များ ရရှိမည်ဖြစ်**

*စာမျက်နှာ ၃ မှ*

ကောင်းမွန်ခြင်းသည် တိုက်ပွဲအောင်နိုင်ရန်အတွက် များစွာ အရေးကြီးကြောင်း။

သက်သာ ချောင်ချိရေးနှင့် ပတ်သက်၍ တပ်ပိုင်နှင့်တစ်ပိုင် တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏စားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေကြောင်း၊ အသောက်အစား အပျော်အပါးများကိုလည်း အသိတရားဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သူများ ဖြစ်လာမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ပြည့်ဝစွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီအလိုက် အသိတရား၊ သတိတရားများဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း။

အုပ်ချုပ်မှု ကောင်းအောင်၊ သက်သာ ချောင်ချိမှုများရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် တပ်မတော်သား တစ်ဦးချင်းစီ၏ စိတ်ဓာတ်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ တပ်တည်ဆောက်ရေး လုပ်ငန်းတာဝန်ကြီး ၄ ရပ်ကို အလေးထားလိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပညာရေးအားပေးရန်နှင့် တပ်မတော်သားကောင်းများ ဖြစ်စေရန်**

တပ်မတော်သား မိသားစုဝင်များ၏ ပညာသင်ကြားရေးနှင့် ပတ်သက်၍ မိမိတို့၏ သားသမီးများအား ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း၊ အနည်းဆုံးအဆင့် အခြေခံပညာ အလယ်တန်းအောင်မြင်အောင် သင်ကြား၍



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ရင်းနှီးနွေးထွေးစွာ အားပေးစကား ပြောကြားစဉ်။

စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများ၌ ဆက်လက်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ **မိမိတို့သားသမီးများ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးသကဲ့သို့ ကိုယ်တိုင်လည်း စာအုပ်စာပေများကို အမြဲဖတ်ရှုလေ့လာနေရန်**လိုကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာပေးဆောင်းပါးများကိုလည်း ဖတ်ရှုလေ့လာပြီး အချင်းချင်း ပြန်လည်မျှဝေဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဆိုပါက တစ်ဦးချင်း၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ တိုးတက် ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် သတင်းမီဒီယာခေတ် ဖြစ်သည်နှင့်အညီ လူမှုကွန်ရက်များအသုံးပြုရာတွင်လည်း အကျိုးမဲ့ဖြစ်စေမည့် မိမိနှင့် မိမိတို့၏ အဖွဲ့အစည်းကို ထိခိုက်စေနိုင်သည့် လုပ်ဆောင်ချက်များမဖြစ်အောင် တစ်ဦးချင်း အသိတရားဖြင့် အသုံးပြုကြရန်လိုကြောင်း၊ တာဝန်ရှိသူများကလည်း စစ်ဆေးကြပ်မတ်ပေးနေရန်လိုကြောင်း။

နိုင်ငံတော် ကာကွယ်ရေးအတွက် ကာကွယ်ရေးစွမ်းပကားများ တိုးတက်စေရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **မိမိကိုယ်ကို ကောင်းအောင် ထိန်းသိမ်းဆောင်ရွက်ပြီး တပ်မတော်သားကောင်းများ ပီသစွာဖြင့် နိုင်ငံတော်နှင့် တပ်မတော်ကို ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ တပ်မတော်အတွက် နာမည်ကောင်းကျန်အောင် အားလုံးဝိုင်းဝန်း ဆောင်ရွက်သွားကြရန်** မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများကိုပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် ဆေးရုံ လိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးသည်လည်း ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၁၉**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက (အမျိုးသား/အမျိုးသမီး) ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက်



ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက် ဆုရရှိကြသူများ၊ တစ်ဦးချင်းဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (အမျိုးသား) အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(အမျိုးသမီး)အသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ် ချီးမြှင့်ကြသည်။(ဝဲပုံ)

အဆိုပါ ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း ကိုးသင်းတို့ဖြင့် စက်တင်ဘာ ၃ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သထုံမြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**သထုံ စက်တင်ဘာ ၁၉**

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ စီစဉ်ကြီးကြပ်မှုဖြင့် သစ်တောဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် မြန်မာ့မီးရထားတို့ပူးပေါင်း၍ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်က ထောင်မှူးကျေးရွာ သုဓမ္မဝတီမြို့သစ်ရှိ ရန်ကုန်-ဘားအံ ကားလမ်းနံဘေး၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်နှင့် မြို့နယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးတို့က စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်ပြီး ပျဉ်းကတိုး၊ မန်ကျည်းရှား၊ ခရေ၊ စိန်ပန်း၊ ကံ့ကော်နှင့် မဟော်ဂနီ ပျိုးပင်စုစုပေါင်း ၁၀၅၀ ကို လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးအတွက် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးအသင်းအဖွဲ့များ၊ လူမှုကူညီရေးအဖွဲ့များက စုပေါင်းစိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## နိုင်ငံ၏အနာဂတ်အတွက် စိတ်ချရအောင် ပညာရေးကို အားပေးမြှင့်တင်

**နေပြည်တော် စက်တင်ဘာ ၁၉**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား မြိတ်မြို့ ပုလဲရတနာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာမျိုးသိန်းကျော်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြ**

ဦးစွာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဆန်နှင့် အသား၊ ငါး ဖူလုံမှုဆိုင်ရာများ၊ ငါး၊ ပုစွန် မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အလတ်စားနှင့် အငယ်စား MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု၊ ရေပေးဝေရေးဆောင်ရွက်ထားရှိမှု၊ **ငါးလေလံဈေးနှင့် စက်မှုဇုန်တည်ဆောက်နိုင်ရေး** ဆောင်ရွက်လျက်ရှိမှု၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက မြိတ်မြို့ **ငါးလေလံဈေးတည်ဆောက်ရေးစီမံကိန်းနှင့် စက်မှုဇုန်စီမံကိန်း**အား BOO စနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးစေလိုမှု၊ မြိတ်လေယာဉ်ကွင်းအား ပြည်ပကုန်တင်လေယာဉ်များ ဆင်းသက်နိုင်ရေး အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ တနင်္သာရီတိုင်းဒေသကြီးမှ ရေထွက်ကုန်များအား ကုန်ချောထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် မြိတ်မြို့မှ ရေငန်ငါးများ တင်ပို့ရာတွင် ပိုမိုမြန်ဆန်မှုရှိစေရေး ဆောင်ရွက်ပေးစေလိုမှု၊ ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် ပုစွန်သားပေါက်များရရှိရေး၊ ပုစွန်အစာရရှိရေးတို့အား လွယ်ကူလျင်မြန်စွာ တင်သွင်းခွင့်ရရှိနိုင်ရေး နိုင်ငံတော်မှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများအား ပြည်ပသွင်းကုန်အစားထိုး တန်ဖိုးမြင့်ကုန်ချော Tubeless တာယာစက်ရုံအတွက် လိုအပ်သည့် စက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခွင့်ရရှိရေး လိုအပ်ချက်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

**တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့် မွေးမြူရေးရေထွက်ကုန်ပစ္စည်းများအား ပြည်ပသို့ တင်ပို့ရာတွင် လုပ်ထုံးလုပ်နည်းများနှင့် အညီ စစ်ဆေးခွင့်ပြုပေးလျက်ရှိမှုနှင့် အချိန်ကြန့်ကြာမှု

*စာမျက်နှာ ၆ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြိတ်ခရိုင်အတွင်းမှ ထွက်ရှိသည့် MSME ထုတ်ကုန်ပြခန်းများအား လေ့လာကြည့်ရှုစဉ်။

*စာမျက်နှာ ၅ မှ*

အနည်းဆုံးဖြစ်စေရေး ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိမှု၊ ငါးဖမ်းလှေများအနေဖြင့် ချမှတ်ထားသည့် ဥပဒေစည်းကမ်းသတ်မှတ်ချက် များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် လိုအပ်မှု၊ MSME လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း များ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေး နိုင်ရေး စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာ အထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေး လျက်ရှိမှုနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် လည်း လုပ်ငန်းများ၌ လက်တွေ့ကွင်းဆင်း ဆောင်ရွက် လျက်ရှိမှု၊ မြိတ်လေယာဉ်ကွင်းအား အဆင့်မြှင့်တင် နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များတွင် ပါဝင်သည့် လျှပ်စစ် မီးနှင့် ရေရရှိရေး စီမံဆောင်ရွက်လျက်ရှိမှု အခြေ အနေများကို ဖြည့်စွက်ဆွေးနွေး တင်ပြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် တင်ပြချက်များအား ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြား**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာ၌ တင်ပြချက် များတွင် ပါဝင်သည့် မြိတ်မြို့၌ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်၍ အကောင်းဆုံးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ မြေနေရာနှင့် ပတ်သက်၍လည်း မူဝါဒ ချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ မြိတ်ခရိုင်အတွင်း ဆန်ဖူလုံမှုနှင့်ပတ်သက်၍ တိုးတက်မှုရှိလာသည်ကို တွေ့ရှိရသော်လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီ အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ စိုက်ပျိုးရေးအတွက် ခွင့်ပြုပေးထားသည့် မြေနေရာများ၌ အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေ ရေး၊ သတ်မှတ်စည်းမျဉ်းများနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မြိတ်ဒေသတွင် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်နေထိုင် ကြမည်ဆိုပါက လူနေထိုင်မှုအတွက် ပိုမိုအဆင်ပြေ နိုင်မည်ဖြစ်ပြီး စိုက်ပျိုးမြေများ၌ အခြားနည်းများဖြင့် အသုံးပြုမှုများသည်လည်း လျော့နည်းသွားမည် ဖြစ်ကြောင်း၊ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ချမှတ် ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်းဖြစ်ရန် လိုကြောင်း၊ ပြည်ပသို့ တင်ပို့ရာတွင် အအေးခန်း ကွန်တိန်နာများဖြင့် သယ်ယူဆောင်ရွက်သွားမည် ဆိုပါက လုပ်ငန်းပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ပုစွန်သားပေါက်တင်သွင်းခွင့်ရရှိရေး၊ ပုစွန်အစာ တင်သွင်းခွင့်ရရှိရေးတို့နှင့်ပတ်သက်၍ အဆင်ပြေ အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံမှ ထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများသည် အိမ်နီးချင်းနိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်ပမာဏ ကြီးမားစွာရှိသည့်အတွက် လေကြောင်းလိုင်းများမှ တစ်ဆင့် တင်ပို့နိုင်ရေး မြိတ်လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း၊ ပုစွန်မွေးမြူရေးအတွက် လိုအပ်သည့် ပုစွန်အစာနှင့်ပတ်သက်၍ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ ပုစွန်မွေးမြူရေးတွင် ပုစွန်ကန်များ ပြုလုပ် ၍ မွေးမြူသကဲ့သို့ သဘာဝဘေးအန္တရာယ်ကို အတတ်နိုင်ဆုံးလျှော့ချနိုင်ရန်အတွက် လေကာပင် များ စိုက်ပျိုးရန်လိုကြောင်း၊ ပုစွန်ကန်များ ဖော်ထုတ် ရာတွင်လည်း စနစ်တကျသုတေသနပြု ဆောင်ရွက် သွားရန် လိုကြောင်း။

**နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေး**

တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်စေရေး ဆောင်ရွက်ပေးရန် လိုအပ်သည်များ ကို ဆွေးနွေးဆောင်ရွက်နိုင်ရန် လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဒေသနှင့် နိုင်ငံတော်ကို စီးပွားရေးအရ မြှင့်တင်နိုင်ရေး၊ လူမှုရေးအရမြှင့်တင်နိုင်ရေး ဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ **လူတိုင်းသည် နိုင်ငံရေးအရတည်ငြိမ်ပြီး စီးပွားရေးအရဖွံ့ဖြိုး တိုးတက်မှုများကို လိုလားကြကာ စိတ်အေးချမ်းသာ စွာဖြင့် စီးပွားရေးလုပ်ဆောင်လိုကြ**ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ အဓိကအားဖြင့် နိုင်ငံရေးအရ မှန်မှန် ကန်ကန်ဖြင့်ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော် အနေဖြင့် ပြည်သူကလိုလားသည့် ပါတီစုံဒီမိုကရေစီ စနစ်ကို မှန်မှန်ကန်ကန်ဖြင့် ခိုင်ခိုင်မာမာ ဆက်လက် လျှောက်လှမ်းနိုင်ရန် သဘောတူထားပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည် အသက်ဖြစ်ပြီး အလွန်အရေးကြီးကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် လွှတ်တော်များ ကျင်းပမှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲ သည် အရေးကြီးပြီး ရွေးကောက်ပွဲကျင်းပပြုလုပ်ခြင်း သည် လွှတ်တော်အသီးသီးကို ခေါ်ယူဖွဲ့စည်းနိုင်ရန် ဖြစ်ကြောင်း၊ လွှတ်တော်မှ နိုင်ငံတော်သမ္မတ၊ ဒုတိယ သမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ သမ္မတ မှ တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ပြီး အစိုးရအဖွဲ့ တာဝန်ပေးအပ်နိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်သည့် အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့် ညီညွတ်ရန် အရေးကြီးကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုများဖြစ်ပေါ်ချိန်တွင် တပ်မတော်နှင့် မိမိကိုယ်တိုင်အနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းပေး ရန် အကြိမ်ကြိမ် ပြောကြားခဲ့ကြောင်း၊ သို့သော်လည်း တာဝန်ရှိသည့် အစိုးရအဖွဲ့အနေဖြင့် ဖြေရှင်း ဆောင်ရွက်ပေးမှုမရှိခဲ့ကြောင်း၊ ထို့ပြင် လွှတ်တော် ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန် ဆောင်ရွက်လာခြင်းကြောင့် တပ်မတော် အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင် ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် **သိက္ခာရှိသည့်ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက် ပေးသွားမည်ဖြစ်**ကြောင်း။

**ကျေးလက်နေသူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးနှင့် ပညာရည်မြင့်မားရေး**

မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်လျက်ရှိကြကြောင်း၊ ကျေးလက်နေ သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်နေသူများဖြစ်သဖြင့် ကျေးလက် နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည် လည်း တိုးတက်လာနိုင်မည်ဖြစ်ပြီး ဆင်းရဲမွဲတေမှု ကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်စီးပွားရေး မြှင့်တင်ရေးကို အလေးပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍ လည်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ပညာရေးနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် အားနည်းချက်များရှိနေဆဲဖြစ်သည့်အတွက် ပြုပြင် ပြောင်းလဲမှုများဆောင်ရွက်၍ ပညာရေးကို အားပေး မြှင့်တင်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အနာဂတ် ပညာတတ်လူငယ်များ များပြားလာစေရန် ရည်ရွယ် ၍ ပညာရေးဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးတို့ နှင့် တိုင်ပင်ဆွေးနွေးခဲ့ပြီး Polytechnic တက္ကသိုလ် များ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ အခြေခံ ပညာအလယ်တန်းအဆင့် တတ်မြောက်ပြီးသူများ တက်ရောက်နိုင်ရေးအတွက် စက်မှုစိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများ ကိုလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ **လူသားအရင်း အမြစ်ကောင်းများ ရရှိမှသာလျှင် စနစ်ကျနသည့် စီးပွားရေးကို ဖော်ဆောင်နိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် **ပညာတတ် လူသားအရင်းအမြစ်ကောင်း များ ပေါ်ထွက်လာရေး မိမိတို့အနေဖြင့် ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမှ ပေးထားသည့် အရင်းအမြစ်များ များစွာ ရှိပြီး အမှန်တကယ်အလုပ်လုပ်၍ အကျိုးရှိရှိအသုံးချနိုင် မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အလုပ်လုပ်ကိုင်နိုင်ရေး အလုပ် အကိုင် ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး အမှန်တကယ် လည်း အလုပ်လုပ်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့ဒေသတွင်း၌ ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့် အလမ်းများ များပြားလာမည်ဖြစ်ပြီး ဒေသတွင်း လည်ပတ်ရင်းနှီးငွေ တိုးပွားလာမည်ဖြစ်ကာ လူမှု စီးပွားဘဝများသည်လည်း တိုးတက်လာနိုင်မည်ဖြစ် ကြောင်း၊ ထို့ကြောင့် ဒေသတွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၇ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြိတ်လေဆိပ် ရှင်းလင်းဆောင်၌ လေဆိပ်နှင့် လေယာဉ်ပြေးလမ်းအား အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားစဉ်။

**❖ မြိတ်မြို့၌ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး တည်ဆောက်ရေးစီမံကိန်း နှင့် ပတ်သက်၍ အကောင်းဆုံးဆောင်ရွက်ပေးသွားမည်**

**❖ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများသည် အိမ်နီးချင်းနိုင်ငံ များ၌ ဈေးကွက်လိုအပ်ချက်ပမာဏ ကြီးမားစွာရှိသည့်အတွက် လေကြောင်း လိုင်းများမှတစ်ဆင့် တင်ပို့နိုင်ရေး မြိတ်လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်**

**❖ လုံလောက်သောအရင်းအမြစ်၊ လုပ်သားများရှိသော်လည်း အလုပ်အကိုင်အား ရှေးချယ်နေခြင်းသည် ဖွံ့ဖြိုးမှုကိုနှောင့်နှေးစေပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက် ရေးအတွက် ရရာကလ္လာ၊ ရောက်ရာနေရာ၌ ကြိုးစားလုပ်ဆောင်သွားကြရမည်**

*စာမျက်နှာ ၆ မှ*

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ထုတ်ကုန်တိုးမြှင့်၊ အလုပ်အရှိန်မြှင့်**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် ဒေသအလိုက် ကုန်ထုတ်လုပ်မှုမှရငွေများ တိုးမြှင့်ရရှိလာရန် လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အားသာချက်ရှိသည့်၊ အလားအလာကောင်းသည့် **ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး အလုပ်လုပ်ကိုင်ကြရန်** လိုကြောင်း၊ **မိမိတို့နိုင်ငံ၌ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ရေခံ၊ မြေခံနှင့် သဘာဝကပေးသော အခွင့်အလမ်းကောင်းများရှိသော်လည်း အလုပ်လုပ်ကြရန် လိုအပ်လျက်ရှိ**ကြောင်း၊ လုံလောက်သော အရင်းအမြစ်၊ လုပ်သားများရှိသော်လည်း အလုပ်အကိုင်အားရွေးချယ်နေခြင်းသည် ဖွံ့ဖြိုးမှုကို နှောင့်နှေးစေကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရရာကဏ္ဍ၊ ရောက်ရာနေရာ၌ ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

**ဒေသ၏ရေခံမြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်**

မွေးမြူရေးနှင့်ပတ်သက်၍ ထုတ်လုပ်မှု ကုန်ကျစရိတ်များပြားခြင်း၊ ရောင်းလိုအားနှင့် ဝယ်လိုအားမျှတမှုမရှိခြင်းတို့ကြောင့် အသား၊ ငါးနှင့် အခြေခံစားကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအားမျှတမှုရှိစေရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း မွေးမြူရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

ဒေသမှထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများကို အခြေခံ၍ ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် ရော်ဘာကုန်ချောထုတ်ကုန်များကို ထုတ်လုပ်၍ရနိုင်ကြောင်း၊ အလားတူ ဒေသတွင်း အများအပြား ဖြစ်ထွန်းအောင်မြင်သည့် အုန်းနှင့်ပတ်သက်၍လည်း အဆင့်မြင့်ဈေးကွက်ဝင်ကုန်ချောများ ထုတ်လုပ်နိုင်သည်ဖြစ်သဖြင့် လုပ်ဆောင်ကြစေလိုကြောင်း၊ ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် ဒေသ၏ ရေခံမြေခံကောင်းများကို အကျိုးရှိရှိ အသုံးချစေလိုပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ မြိတ်မြို့သည် ပညာရေးကို အားပေးသည့်မြို့ဖြစ်သည်ကို တွေ့ရှိရသော်လည်း တန်းစဉ်ကူးပြောင်းမှုနှုန်း နည်းပါးနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေး ဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့၏အနာဂတ်သားသမီးများကို ကောင်းမွန်သည့် ပညာအမွေပေးခဲ့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ အတန်းပညာကောင်းမွန်မှသာလျှင် အတတ်ပညာများ သင်ယူရာ၌ ပိုမိုလွယ်ကူနိုင်မည်ဖြစ်ကြောင်း၊ **ပညာရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည် နောင်တစ်ချိန်အတွက် ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီး နိုင်ငံ၏အနာဂတ်အတွက် စိတ်ချရအောင် ပညာရေးကို စနစ်တကျဖြင့် အလေးပေးဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**နိုင်ငံ့အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်ပေးနိုင်မည့် ကိုယ်စားလှယ်လောင်းများပေါ်ထွက်လာရေး**

မိမိတို့အနေဖြင့် ဒီဇင်ဘာလအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပြီး မဲပေးရာတွင်လည်းမြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များဖြင့် ဆန္ဒမဲများ ပေးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များသည် ယုံကြည်စိတ်ချရပြီး မဲမသမာမှုပြုလုပ်၍မရကြောင်း၊ **ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မည့်သူများဖြစ်ရန်လို**ကြောင်း၊ မြိတ်ဒေသ တိုးတက်စေရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြိတ်ဒေသတွင် နေထိုင်သူများကလည်း မိမိတို့ဒေသအကျိုးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားအပြီးတွင် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် မြိတ်ခရိုင်အတွင်းမှ MSME ထုတ်ကုန်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လေ့လာကြည့်ရှုခဲ့ကြောင်းနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ မြိတ်မြို့ မြို့မအားကစားကွင်းသို့ ရောက်ရှိ စစ်ဆေးကြပြီး အားကစားကွင်း အဆင့်မြှင့်တင်နိုင်ရေး လိုအပ်သည့် အခြေအနေများအား တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များသည် မြိတ်လေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြိတ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက လေယာဉ်ပြေးလမ်းအား အဆင့်မြှင့်တင်သွားရန်၊ လေဆိပ်အဆောက်အအုံများအား စနစ်တကျဖြင့် ပြန်လည်တွက်ချက်၍ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**လေးကျွန်းဆီမီးစေတီတော်ကြီး**

အလားတူ စက်တင်ဘာ ၁၈ ရက် ညနေပိုင်းကလည်း နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် လေးကျွန်းဆီမီးစေတီတော်ကြီးသို့ ရောက်ရှိကြရာ စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စေတီတော်ကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး နှစ်ပေါင်း ၂၄၀ သက်တမ်းရှိ ရှေးဟောင်းသမိုင်းဝင် သမုတ်သိမ်တော်အတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညို၍ စေတီတော်ကြီးနှင့် ရှေးဟောင်းသမိုင်းဝင် သမုတ်သိမ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့အတွင်းနှင့် မြိတ်ကမ်းနားလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## Naypyitaw State Academy သို့ စာအုပ်များ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၉**

အိန္ဒိယနိုင်ငံအစိုးရက Naypyitaw State Academy သို့ စာအုပ်များ လှူဒါန်းပွဲကို ယနေ့ ညနေ ၃ နာရီတွင် Naypyitaw State Academy အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur၊ ခေတ္တပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လှူဒါန်းပွဲတွင် အိန္ဒိယနိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများ တိုးတက်စေရန်၊ မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံအကြား ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာမှုရှိလာစေရန် ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံ သံအမတ်ကြီးက ဒုတိယဝန်ကြီးနှင့် ခေတ္တပါမောက္ခချုပ်တို့ထံ စာအုပ်များနှင့် အမှတ်တရလက်ဆောင်တို့ကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီးနှင့် ခေတ္တပါမောက္ခချုပ်တို့က ကျေးဇူးတင်ဂုဏ်ပြုလွှာနှင့် အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

ယင်းနောက် Naypyitaw State Academy ခေတ္တပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။

လှူဒါန်းပွဲအပြီးတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လာရောက်လှူဒါန်းသော စာအုပ်များကို ကြည့်ရှုကြပြီး အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**စာအုပ်စာပေ လူ့မိတ်ဆွေ**



## ကရင်ပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ယှဉ်ပြိုင်နေမှုအားပေး

**ဘားအံ စက်တင်ဘာ ၁၉**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ဇွဲကပင်တောင်ခြေ လုမ္ဗိနီဥယျာဉ်ကျောင်း၌ ဇွဲကပင်တောင်ဆရာတော် ဘဒ္ဒန္တ ကဝိဓဇ အား သွားရောက်ဖူးမြော် ကြည်ညိုပြီး သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်က ဆုံးမဩဝါဒကထာနှင့် ဆုမွန်ကောင်းချီးမြှင့်သည်။

ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား အခြေခံပညာအဆင့် အသက်(၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲနှင့် ကျောင်းသားအားကစားပွဲတော်ကို စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ဘားအံမြို့ပေါ်ရှိ အားကစားကွင်း၊ အားကစားရုံအသီးသီးတွင် ကျင်းပလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အားကစားပြိုင်ပွဲများကျင်းပနေမှုကို ကြည့်ရှုအားပေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် လူငယ်စင်တာ၌ ကျင်းပလျက်ရှိသည့် ကျောင်းသားအားကစားပွဲတော် အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှု၊ အောင်သံလွင်အားကစားကွင်း၌ အမျိုးသားဘောလုံးပြိုင်ပွဲ ကြာအင်းဆိပ်ကြီးမြို့နယ်အသင်းနှင့် မြဝတီမြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှု၊ ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်အားကစားကွင်း ပြည်နယ် မိုးလုံလေလုံအားကစားရုံ၌ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖာပွန်မြို့နယ်အသင်းနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှု၊ ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ပဒုမ္မာလမ်းရှိ ပြည်နယ်မိုးလုံလေလုံအားကစားခန်း၌ အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ဘားအံမြို့နယ်အသင်းနှင့် မြဝတီမြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကိုလိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏ ၂၀၂၀ ရွေးကောက်ပွဲအလွန် - စိန်ခေါ်မှုများကိုကျော်လွှားပြီး တည်ငြိမ်အေးချမ်းမှုဆီသို့ (၅)

ကောင်းပြည့်

❑ **နိုင်ငံတော်အကြီးအကဲက နိုင်ငံ့တာဝန်ယူပြီးချိန်မှာ မြန်မာ့မီးရထားတိုးတက်ဖို့ လမ်းညွှန်ခဲ့တာကို သတိပြုမိကြမှာပါ။ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့မှာ နိုင်ငံတော်အကြီးအကဲက သူ့လက်ထက်မှာ မြန်မာ့မီးရထား ဘယ်လောက်အထိ တိုးတက်မှုရှိတယ်ဆိုတာကို ကိုယ်တိုင် နေပြည်တော်-ရန်ကုန် အမြန်ရထားကို တောင်ငူကနေ ရန်ကုန်အထိ လိုက်ပါစီးနင်းပြခဲ့တာကို တွေ့ရပါတယ်။ အမှန်တရားကို မြင်သင့်ကြပါပြီ။ အမှန်တရားကို လက်ခံမယ်ဆိုရင် လူတိုင်းလိုချင်တဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးကို မကြာခင် မြင်တွေ့ရမှာ သေချာပါတယ်**

**ရွေးကောက်ပွဲနှင့် တိုင်းချစ်စိတ်ဓာတ် ဘယ်လိုချိတ်ဆက်မလဲ**

မြန်မာနိုင်ငံမှာ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အန္တိမရည်မှန်းချက်ဖြစ်တယ်လို့ နိုင်ငံတော်အကြီးအကဲက ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှာ မှတ်ပုံတင်ခွင့်ပြုထားတဲ့ နိုင်ငံရေးပါတီတွေက တာဝန်ရှိသူတွေနဲ့တွေ့ဆုံစဉ် ရှင်းလင်းပြောကြားခဲ့ပါတယ်။ ပြည်သူတွေရဲ့ မဲပေးပိုင်ခွင့်မဆုံးရှုံးစေဖို့နဲ့ စည်းစနစ်ကျနမှုရှိတဲ့ ရွေးကောက်ပွဲတစ်ရပ်ဖြစ်မြောက်စေဖို့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမယ်လို့လည်း ကတိပြုထားပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC) အနေနဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာဖြစ်ပွားခဲ့တဲ့ မဲစာရင်းကတ်ပြားအတုတွေကင်းရှင်းစေဖို့နဲ့ မှန်ကန်တိကျမှုရှိစေဖို့အတွက် ကြိုးပမ်းခဲ့ပါတယ်။ ရွေးကောက်ပွဲမှာ မြန်မာအီလက်ထရောနစ်မဲပေးစက်နဲ့ မဲပေးရမှာဖြစ်ပြီး မိုက်ထရိုကွန်ထရိုလာစနစ်ဖြစ်တဲ့အတွက် ရိုးရှင်းပြီး လုံခြုံစိတ်ချရတဲ့စနစ်ပါတယ်လို့ UEC က ထုတ်ပြန်ထားပါတယ်။ မဲဆန္ဒရှင်တွေ မဲပေးရာမှာ အဆင်ပြေစေဖို့နဲ့ ပွင့်လင်းမြင်သာမှုရှိစေဖို့အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်တွေမှာ မြန်မာအီလက်ထရောနစ်မဲပေးစက်(Myanmar Electronic Voting Machine)နဲ့ စပ်လျဉ်းတဲ့ ရှင်းလင်းပြသခြင်း၊ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းတွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လေးနှစ်နှင့် ခြောက်လတာခရီး ဘယ်လောက်အောင်မြင်ခဲ့သလဲ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရဟာ နိုင်ငံ့တာဝန်ကိုလေးနှစ်နဲ့ခြောက်လကြာ ထမ်းဆောင်ခဲ့ရာမှာ စိန်ခေါ်မှုမျိုးစုံကို အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားနိုင်ခဲ့တာကို တွေ့ရပါတယ်။ နိုင်ငံ့တိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းတွေမှာလည်း အတိုင်းအတာတစ်ခုအထိ ကျော်လွှန်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရပါတယ်။

ပြည်တွင်းရင်းနှီးမြှုပ်နှံသူတွေ စိုက်ပျိုးရေးနဲ့ မွေးမြူရေးအခြေခံကုန်ထုတ်လုပ်ငန်းတွေမှာ ပါဝင်လာစေဖို့လည်း အားပေးခဲ့ပါတယ်။ လိုအပ်တဲ့ သွင်းအားစုတွေ၊ ဘဏ္ဍာငွေအကူအညီနဲ့ လူသားအရင်းအမြစ်တွေ ရရှိစေဖို့လည်း ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။

ဘဏ္ဍာရေးတိုးတက်မှုကိုကြည့်မယ်ဆိုရင်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်က စုစုပေါင်းရငွေကျပ် ၁၇၅၈၅ ဒသမ ၅၅ ဘီလီယံရှိခဲ့ရာကနေ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၃၄၅၅၃ ဒသမ ၅၀ ဘီလီယံအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ GDP တန်ဖိုးကလည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်က ငွေကျပ် ၁၀၈၂၀၅ ဒသမ ၇၂ ဘီလီယံ ရှိခဲ့ရာကနေ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၁၆၀၆၅၄ ဒသမ ၈၂ ဘီလီယံအထိ တိုးလာပြီး GDP တိုးတက်နှုန်း ၂ ဒသမ ၅ ရာခိုင်နှုန်း ရရှိခဲ့ပါတယ်။

ပညာရေးမှာလည်း KG+9 (မူလတန်းမှ အလယ်တန်းအဆင့်) အထိ မသင်မနေရပညာရေးစနစ်ကို အနိမ့်ဆုံးပညာရေးရည်မှန်းချက်အဖြစ် ချမှတ်ပေးခဲ့ပါတယ်။ ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်မှစလို့ KG+9 ပြီးမြောက်သူတွေ အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုနည်းပညာဘာသာရပ်တွေကို သင်ကြားပေးတဲ့ အခြေခံပညာကျောင်းတွေ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ အဆိုပါကျောင်းပေါင်း ၈၉ ကျောင်းကို ခရိုင် ၈၈ ခုမှာ ဖွင့်လှစ်နိုင်ခဲ့ပြီး ခေတ်မီနည်းပညာခေတ်အတွက် Polytechnic University ရှစ်ခုကိုလည်း ဖွင့်လှစ်ပေးခဲ့ပါတယ်။ ကျန်းမာရေးမှာလည်း လူတန်းစားပေါင်းစုံက အားကိုးနိုင်တဲ့ ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းတွေကို အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

နိုင်ငံတကာဆက်ဆံရေးအောင်မြင်မှုအနေနဲ့ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း GMS၊ MLC ၊ ACMECS၊ CLMV ၊ BIMSTECS ၊ EURASIA ECONOMIC FORUM နဲ့ RUSSIAN VICTORY DAY အခမ်းအနားတွေမှာ ပါဝင်တက်ရောက်ခဲ့ပြီး နိုင်ငံများစွာမှ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့တာကို တွေ့ရှိရပါတယ်။

အောင်မြင်မှုကိုပြောရရင် ပြောမဆုံးနိုင်တော့ပါ။ “လယ်ပြင်မှာ ဆင်သွားသလို” မြင်နိုင်တယ်လို့ ဆိုရပါမယ်။ နိုင်ငံတော်ကို အပေါ်သို့ ဆွဲတင်နေချိန်မှာ အဖျက်သမားတွေက ဘက်ပေါင်းစုံကနေ အောက်ကိုဆွဲချဖို့ ဝိုင်းဝန်းဆောင်ရွက်နေတဲ့တိုင် အတိုင်းအတာတစ်ခုကို ကျော်လွှန်မှတ်တမ်းတင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဒီနေရာမှာ စာရေးသူ တစ်ခုသွားသတိရမိပါတယ်။ နိုင်ငံတော်အကြီးအကဲက နိုင်ငံ့တာဝန်ယူပြီးချိန်မှာ မြန်မာ့မီးရထားတိုးတက်ဖို့ လမ်းညွှန်ခဲ့တာကို သတိပြုမိကြမှာပါ။ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့မှာ နိုင်ငံတော်အကြီးအကဲက သူ့လက်ထက်မှာ မြန်မာ့မီးရထား ဘယ်လောက်အထိ တိုးတက်မှုရှိတယ်ဆိုတာကို ကိုယ်တိုင် နေပြည်တော် - ရန်ကုန် အမြန်ရထားကို တောင်ငူကနေ ရန်ကုန်အထိ လိုက်ပါစီးနင်းပြခဲ့တာကို တွေ့ရပါတယ်။ အမှန်တရားကို မြင်သင့်ကြပါပြီ။ အမှန်တရားကို လက်ခံမယ်ဆိုရင် လူတိုင်းလိုချင်တဲ့၊ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးကို မကြာခင် မြင်တွေ့ရမှာ သေချာပါတယ်။

ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) ကို တက်ရောက်လာတဲ့ ပညာရှင်တွေက နိုင်ငံတော်အကြီးအကဲနဲ့ တွေ့ဆုံခဲ့ရတဲ့အပေါ် အပြုသဘောဆောင်တဲ့ သုံးသပ်ချက်တွေ ပေးခဲ့ကြပါတယ်။ သူတို့ရဲ့အမြင်မှာ ညီလာခံကို ကိုယ်တိုင်တက်ရောက် မိန့်ခွန်းပြောကြားခြင်း၊ ပိုစတာပြပွဲတွေကို စိတ်ဝင်တစားလေ့လာပြီး ပညာရှင်တွေနဲ့ အပြန်အလှန်ဆွေးနွေးပြောဆိုခြင်းတို့ဟာ နိုင်ငံတော်အကြီးအကဲရဲ့ ခေါင်းဆောင်ကောင်းပီသမှုကို ပြသနေတယ်လို့ ဆိုခဲ့ကြပါတယ်။ အထူးသဖြင့် ပြည်သူလူထုနဲ့ သုတေသီတွေအပေါ် ဂရုစိုက်မှု၊ စိတ်ရင်းမှန်မှုနဲ့ ခိုင်မာတဲ့ဆက်ဆံရေး တည်ဆောက်လိုစိတ်ရှိတဲ့ နိုင်ငံတော်အကြီးအကဲရဲ့လုပ်ရပ်တွေက သက်သေပြနေတယ်လို့ နိုင်ငံတကာပညာရှင်တွေက သုံးသပ်ခဲ့ကြပါတယ်။ ဒီအချက်တွေက ညီလာခံရဲ့ အမှတ်တရအရှိဆုံးအစိတ်အပိုင်းတွေ ဖြစ်ခဲ့တယ်လို့လည်း ဖော်ပြခဲ့ကြပါတယ်။ အထူးသဖြင့် နိုင်ငံတော်အကြီးအကဲဟာ ပြည်သူလူထုနဲ့ ပညာရှင်တွေအပေါ် ဂရုစိုက်မှု၊ စိတ်ရင်းမှန်မှုနဲ့ ခိုင်မာတဲ့ ဆက်ဆံရေး တည်ဆောက်လိုစိတ်ရှိကြောင်းကို ခဏတာတွေ့ဆုံရတဲ့ နိုင်ငံတကာပညာရှင်တွေကတောင် သတိပြုမိခဲ့ကြပါတယ်။

**နိုင်ငံတော်၏ အနာဂတ်က မည်သို့နည်း**

အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီဟာ နိုင်ငံတော်ရဲ့ အာဏာသုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးတို့ကို ရွေးကောက်ပွဲမှ ပေါ်ထွက်လာမယ့် အစိုးရသစ်ဖွဲ့စည်းတဲ့အထိ ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ ကြားကာလအတွင်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ အမျိုးသားပညာရေးနဲ့ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးတို့ကို ဦးတည်ချက် (၄)ရပ် ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။

နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးဟာ ယနေ့ခေတ်ကာလမှာ အဓိကထားဆောင်ရွက်ရမယ့် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါတယ်။ နိုင်ငံတိုးတက်ဖို့အတွက် အခြေခံအကျဆုံးလိုအပ်ချက်က တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ပဲ ဖြစ်ပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုတွေဟာ မိမိတို့ရဲ့ အဖိုးတန်တဲ့ တိုင်းရင်းသားအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်နဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရင်းအမြစ်တွေကို ပြုန်းတီးစေရုံသာမက နိုင်ငံတည်ငြိမ်အေးချမ်းမှုကိုပါ ထိခိုက်စေပါတယ်။ ဒါကြောင့် နိုင်ငံကိုချစ်မြတ်နိုးတဲ့စိတ်၊ ငြိမ်းချမ်းရေးကိုတောင့်တတဲ့စိတ်တို့ကို ဦးစားပေးဖို့ အထူးပဲအရေးကြီးပါတယ်။

အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံတွေကို လေ့လာကြည့်ရင် မြန်မာနိုင်ငံမှာသာ ငြင်းခုံမှုတွေ၊ ပဋိပက္ခတွေနဲ့ ရင်ဆိုင်နေရတာကို တွေ့မြင်နိုင်ပါတယ်။ အခြားနိုင်ငံတွေက နိုင်ငံတိုးတက်ရေးကို အဓိကထားပြီး နိုင်ငံသားတိုင်း ပူးပေါင်းဆောင်ရွက်လျက် ရှိကြပါတယ်။ ဥပမာအားဖြင့် အိမ်နီးချင်း ထိုင်းနိုင်ငံကိုကြည့်မယ်ဆိုရင် ပါတီရေးရာအစွဲအလမ်း၊ လူပုဂ္ဂိုလ်ရေးဆိုင်ရာ ဆွဲဆောင်မှုတွေထက် နိုင်ငံ့အနာဂတ်နဲ့ အကျိုးစီးပွားကိုသာ ပိုမိုဦးစားပေးကြတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ အကျိုးစီးပွားကို လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ဆန္ဒထက်၊ ပါတီတစ်ခုရဲ့ ဦးတည်ချက်ထက် ပိုမိုဦးစားပေးတဲ့ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်သာဓကတစ်ခုပဲ ဖြစ်ပါတယ်။ ဘယ်သူ့ကိုမှ ဦးစားမပေးဘဲ မိမိတိုင်းပြည်ကိုသာ ကာကွယ်လိုတဲ့ စိတ်ဓာတ်ကို ထင်ရှားစွာ မြင်တွေ့နိုင်ပါတယ်။

**“ကျွန်တော်တို့ဗျာ တကယ်ကို လက်တွဲလုပ်ဖို့ အသင့်တော်ဆုံးအချိန်ကို ရောက်နေပါပြီ။..........။ ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားတွေဘက်ကိုလည်း ဦးစားပေးပြီးတော့ ဆောင်ရွက်ပေးမယ်။ ကျွန်တော် ဆုံးဖြတ်ထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ကျပြီးကျန်ခဲ့တဲ့ တိုင်းရင်းသားနယ်မြေတွေ အားလုံးကို ဦးစားပေးပြီး ဆောင်ရွက်ပေးမယ်”** ဆိုတဲ့ နိုင်ငံတော်အကြီးအကဲရဲ့ ပြောကြားချက်ဟာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းလိုတဲ့ သူ့ရဲ့ရင်တွင်းခံစားချက်ကို ထင်ဟပ်နေပါတယ်။ ဒါဟာမှန်ပါတယ်။ ကျွန်တော်တို့ စည်းလုံးညီညွတ်ဖို့လိုပါပြီ။ မိမိတို့မြန်မာတိုင်းရင်းသားတွေအနေနဲ့ လူမျိုးစွဲစိတ်၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို စုံလုံးကန်းချစ်စိတ်၊

*စာမျက်နှာ ၉ သို့*

**၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ စတင်ကျင်းပမယ့် ရွေးကောက်ပွဲကြီးအပြီးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တက်လာမယ့် ဘယ်အစိုးရသစ်နဲ့မဆို တပ်မတော်က ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ကတိပြုထားတာကို တွေ့ရပါတယ်။ တပ်မတော်ရဲ့အဓိကတာဝန်က နိုင်ငံတော်ကာကွယ်ရေးဖြစ်ပြီး နိုင်ငံရေးမှာပါဝင်ပတ်သက်ခြင်းမရှိဘဲ နိုင်ငံတော်အကျိုးအတွက် လုပ်ဆောင်သွားမယ်လို့လည်း အတိအလင်းဖော်ပြထားပြီးဖြစ်ပါတယ်။ အထွေထွေရွေးကောက်ပွဲကျင်းပပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တက်လာမယ့်အစိုးရက နိုင်ငံ့အကျိုးကို အမှန်တကယ်ထမ်းဆောင်နိုင်တဲ့ အစိုးရဖြစ်အောင် လိုအပ်တာတွေ ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးသွားမှာ မလွဲမသွေဖြစ်ပါတယ်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၉၉ ရက် သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၁/၂၀၂၅) ဖြင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၂/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကို လည်းကောင်း၊ ကြေညာချက်အမှတ် (၅၃/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကို လည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၉** ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များတွင် ပါဝင်ဆောင်ရွက်နေမှုနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးဆိုင်ရာ ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ကောင်းမွန်သည့် သံတမန်ဆက်ဆံရေး ထူထောင်နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံအနေဖြင့် အိမ်နီးချင်း နိုင်ငံကောင်းအဖြစ် အစဉ်အမြဲ ရပ်တည်ပေးနေမှု၊ ကျင်းပမည့် ရွေးကောက်ပွဲတွင် ပြောင်းလဲကျင့်သုံးမည့်ရွေးကောက်ပွဲစနစ်၊ လွှတ်တော်ကိုယ်စားလှယ်လောင်း တင်သွင်းမှုအခြေအနေ၊ ရွေးကောက်ပွဲကို အပိုင်းလိုက် ဆောင်ရွက်မည့် အခြေအနေ၊ မဲဆန္ဒရှင်စာရင်း ပြုစုဆောင်ရွက်မှုအခြေအနေ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အသုံးပြုသွားမည့် အခြေအနေနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုရှိသည့် ရွေးကောက်ပွဲအဖြစ် ဖော်ဆောင်နိုင်ရေး ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခွင့် ပြုသွားမည့်အခြေအနေ၊ သတင်းမီဒီယာဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများ အပါအဝင် နည်းပညာဆိုင်ရာ သင်တန်းများကို အိန္ဒိယနိုင်ငံ၏ ကူညီမှုဖြင့် ရွေးကောက်ပွဲလွန်ကာလတွင် ဆောင်ရွက်သွားလိုသည့်အခြေအနေနှင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ပါတီစွဲစိတ်ခံစတ်တွေကို ရှေ့တန်းတင်မယ့်အစား တိုင်းပြည်ချစ်စိတ်ကိုသာ ပိုမိုဦးစားပေးဖို့ အထူးလိုအပ်လှပါတယ်။ နိုင်ငံ့အနာဂတ်နဲ့ နိုင်ငံသားတိုင်းရဲ့ ဘဝကို တိုးတက်ကောင်းမွန်စေဖို့အတွက် တိုင်းရင်းသားအားလုံး ပူးပေါင်းညီညွတ်စွာ လက်တွဲလုပ်ဆောင်မှသာ ရနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လက်ရှိအခြေအနေနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်တည်ဆောက်ရာမှာ မြန်မာလူမျိုးတို့ရဲ့ သမိုင်းကြောင်း၊ လူမှုဘဝပုံစံ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနဲ့ ဖွံ့ဖြိုးတိုးတက်မှုအဆင့်တို့ကို ထည့်သွင်းစဉ်းစားဖို့ အလွန်အရေးကြီးပါတယ်။ နိုင်ငံရဲ့ထူးခြားတဲ့ နောက်ခံအခြေအနေကို လျစ်လျူရှုရင် ဘယ်ဒီမိုကရေစီစနစ်မှ ရေရှည်တည်တံ့ခိုင်မာနိုင်မှာ မဟုတ်ပါ။

ဒ့ါအပြင် အယူဝါဒပိုင်းဆိုင်ရာ တင်းမာမှုထက် လက်တွေ့ကျတဲ့ရလဒ်ကို ဦးစားပေးဖို့လိုအပ်ပါတယ်။ လက်ရှိအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲနိုင်တဲ့စွမ်းရည်က မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် မရှိမဖြစ် လိုအပ်ပါတယ်။ ခိုင်မာပြည့်ဝတဲ့ ဒီမိုကရေစီစနစ်တစ်ရပ် တည်ဆောက်ဖို့ဆိုရင် တပ်မတော်နဲ့ နိုင်ငံသားအားလုံးရဲ့ ပူးပေါင်းပါဝင်မှုဟာ မရှိမဖြစ်လိုအပ်ပါတယ်။ ဒါမှသာ နိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ အမှန်တကယ်ကိုက်ညီပြီး ရေရှည်တည်တံ့တဲ့ ဒီမိုကရေစီကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲ ပြောကြားခဲ့တဲ့အတိုင်း **“နိုင်ငံတော်ရဲ့ ရှေ့ခရီးကတော့ အများကြီးကျန်ပါသေးတယ်။ ဒါတွေက ကျွန်တော်တို့က ဒုတိယစာမျက်နှာရဲ့အစဖြစ်ပါတယ်။ ပထမစာမျက်နှာကတော့ ကျွန်တော်တို့ ကျော်ခဲ့ပြီးပြီ။ ဒုတိယစာမျက်နှာအစကို ကျွန်တော်တို့ သွားတာပေ့ါ။ ဒုတိယစာမျက်နှာအစမှာ ကျွန်တော်တို့ တကယ်ကောင်းမွန်လှတဲ့ လက်ရေးလှလှလေးနဲ့ရေးပြီးတော့မှ အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ အခက်အခဲပေါင်းစုံကရင်ဆိုင်ပြီးတော့လုပ်ရတဲ့ လုပ်ရကျိုးကနေ ပိုပြီးလုပ်ရကျိုးနပ်မယ်”** ဆိုတဲ့ ရည်မှန်းချက်နဲ့ ရွေးကောက်ပွဲကာလကို အောင်မြင်စွာ ကျော်ဖြတ်သွားမှာ မလွဲကေန်ဖြစ်ပါတယ်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ စတင်ကျင်းပမယ့် ရွေးကောက်ပွဲကြီးအပြီးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တက်လာမယ့် ဘယ်အစိုးရသစ်နဲ့မဆို တပ်မတော်က ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ကတိပြုထားတာကို တွေ့ရပါတယ်။ တပ်မတော်ရဲ့အဓိကတာဝန်က နိုင်ငံတော်ကာကွယ်ရေးဖြစ်ပြီး နိုင်ငံရေးမှာ ပါဝင်ပတ်သက်ခြင်းမရှိဘဲ နိုင်ငံတော်အကျိုးအတွက် လုပ်ဆောင်သွားမယ်လို့လည်း အတိအလင်း ဖော်ပြထားပြီးဖြစ်ပါတယ်။ အထွေထွေရွေးကောက်ပွဲကျင်းပပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တက်လာမယ့်အစိုးရက နိုင်ငံ့အကျိုးကို အမှန်တကယ် ထမ်းဆောင်နိုင်တဲ့ အစိုးရဖြစ်အောင် လိုအပ်တာတွေ ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးသွားမှာ မလွဲမသွေ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကိုဖန်တီးဖို့ ကျွန်တော်တို့အားလုံး ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကြားကနေ တည်ငြိမ်အေးချမ်းမှုဆီသို့ ပြောင်းလဲဖို့ အချိန်တန်ပါပြီ။ နိုင်ငံတော်အကြီးအကဲ ပြောဆိုခဲ့တဲ့ **“အမြင်သစ် မြန်မာနိုင်ငံ (A New Vision of Myanmar)”** ဆိုတာဟာ ငြိမ်းချမ်းသာယာပြီး တိုးတက်ဖွံ့ဖြိုးတဲ့၊ တရားမျှတမှုနဲ့ လူ့အခွင့်အရေးတွေကို လေးစားလိုက်နာတဲ့နိုင်ငံကို တည်ဆောက်ဖို့ ကျွန်တော်တို့ရဲ့ ပူးပေါင်းအိပ်မက်ပဲဖြစ်ပါတယ်။ ဒီအိပ်မက်ကြီးကို အကောင်အထည်ဖော်ဖို့အတွက် မကြာမီကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးက အရေးကြီးပါတယ်။ စိန်ခေါ်မှုများစွာရှိနေသေးပေမယ့် လွတ်လပ်ပြီး တရားမျှတမှုအပြည့်နဲ့ ကျင်းပနိုင်မယ့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်လာစေဖို့ နိုင်ငံတော်က ဦးဆောင်နေသလို ပြည်သူအားလုံးကလည်း ဝိုင်းဝန်းဆောင်ရွက်ဖို့ အထူးလိုအပ်လှပါတယ်။

အမြင်သစ်မြန်မာနိုင်ငံကို တည်ဆောက်ရာမှာ ပြည်သူလူထုတစ်ရပ်လုံးရဲ့အင်အားနဲ့ တပ်မတော်ရဲ့ စွမ်းပကား ပူးပေါင်းပါဝင်မှုက အဓိကအကျဆုံး အုတ်မြစ်ဖြစ်ပါတယ်။ တစ်ဦးချင်းစီရဲ့ အားထုတ်မှုတွေ၊ စုပေါင်းစွမ်းအားတွေနဲ့သာ ကျွန်တော်တို့ လိုချင်တဲ့ အပြောင်းအလဲတွေကို ဖန်တီးနိုင်မှာပါ။ ဘယ်လိုနယ်ပယ်မှာမဆို၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ပူးပေါင်းပါဝင်ဖို့နဲ့ အမြင်သစ်တွေဖော်ဆောင်ဖို့ လိုအပ်နေပါတယ်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးဆိုတဲ့ ဒီမိုကရေစီလမ်းကြောင်းကို ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ဖို့အတွက် မြို့၊ ရွာဒေသတွေ အေးချမ်းသာယာရေးနဲ့ ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြူးရေးကိုပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြဖို့ အထူးလိုအပ်လှသလို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ စတင်ကျင်းပမယ့် ရွေးကောက်ပွဲကြီးအောင်မြင်ဖို့အတွက် အထူးပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီးလှပါကြောင်း။ ။

❍ *ကျောဖုံးမှ*

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး ရှရီအဘ်ဟေး တာကူးရ်က အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းပြောကြား၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေရေးဆောင်ရွက်**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် ၁၉၆၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်ခဲ့သည့် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် သက်တမ်းအရှည်ကြာဆုံး နိုင်ငံတကာစွမ်းဆောင်ရည်မြှင့်တင်မှုအစီအစဉ်များအနက် တစ်ခုဖြစ်ကြောင်း၊ မိတ်ဖက်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ ဆောင်ရွက်ခဲ့ရာတွင် နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာတိုးတက်လာသည်ကို တွေ့ရှိရပြီး မြန်မာနိုင်ငံနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အရေးပါသည့်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပါရှိသည်ကိုလည်း တွေ့ရှိရသောကြောင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးအတွက် များစွာအထောက်အကူပြုခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား စီးပွားရေး၊ ခရီးသွားလာရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များသာမက နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်၊ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် မြန်မာနိုင်ငံ၌ သဘာဝဘေးဒဏ်ထိခိုက်ခံစားခဲ့ရသူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ခဲ့ခြင်းများအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ယခုအစီအစဉ်မှ ဖွင့်လှစ်သင်ကြားပေးခဲ့သော သင်တန်းများတွင် တက်ရောက်အောင်မြင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကျွမ်းကျင်တတ်မြောက်လာသည့် အသိပညာ၊ အတတ်ပညာများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် အထောက်အကူပြုတာဝန်ထမ်းဆောင်လျက်ရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် ယနေ့အထိမ်းအမှတ်အခမ်းအနား၏အောင်မြင်မှုကို ဂုဏ်ပြုရင်း နောင်လာမည့်နှစ်များတွင်လည်း အောင်မြင်မှုများပိုမိုရရှိပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် သင်တန်းသားဟောင်းများက အတွေ့အကြုံများအား ရှင်းလင်းမျှဝေပြောကြားကြသည်။

**ဂုဏ်ပြုညစာ အတူတကွသုံးဆောင်**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် အိန္ဒိယယဉ်ကျေးမှုအကအဖွဲ့များ၏ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရန်အတွက် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့သည့် ဗိုလ်မှူးကြီးဇာနည်အောင် ဦးဆောင်သော မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေအောင်စိုး၊ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ စစ်သံမှူး JASWINDER S GILL တို့က လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည် ၁၂၀ ပါဝင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ဂါယာမြို့ရှိ မဟာဗောဓိစေတီတော်နှင့် ပေ ၈၀ မဟာဗုဒ္ဓ(ဂျပန်) ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်လှည့်လည်ဖူးမြော်ခြင်း၊ မြတ်စွာဘုရား ဒုက္ကရစရိယာကျင့်ခဲ့သော ဥရုဝေလတောနေရာသို့သွားရောက်ဖူးမြော်ခြင်း၊ သူ့ဇာတာအိမ်တော်ရာစေတီအား လည်ပတ်ကြည့်ရှုခြင်းနှင့် မြန်မာဘုန်းကြီးကျောင်းသို့သွားရောက်ကာ ဆရာတော်ကြီးထံမှ သီလခံယူကြပြီး ဥာဏ်တော် အမြင့် ၁၂ လက်မရှိသော စကျင်ကျောက်ဖြင့် ထုလုပ်ထားသော မာရဝိဇယ ပုံတူရုပ်ပွားတော်တစ်ဆူ၊ ဝတ္ထုငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ဂျာရပ်ချ်မန်ဂျီတောင် အထိမ်းအမှတ်နေရာ နာလန္ဒာတက္ကသိုလ်ဟောင်းနေရာနှင့် ဝေဠုဝန်ဥယျာဉ်တို့အား သွားရောက်လှည့်လည် လေ့လာကြည့်ရှုခြင်းနှင့် Myanmar Buddhist Academic Center သို့ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံတွင် လေ့လာလည်ပတ်၍ အမှတ်တရ စုပေါင်းဓာတ်ပုံများရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၉**

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ခင်မင်ယုံကြည်မှု ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်လာစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်ခဲ့သော COL SHRIKANT JETHI ဦးဆောင်သည့် အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော အိန္ဒိယတပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အိန္ဒိယသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေအောင်စိုး၊ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ သတ္တသတ္တာဟစေတီတော်နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများလှူဒါန်းခြင်း၊ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) သို့သွားရောက်လေ့လာခြင်း၊ သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ကြည့်ရှုလေ့လာ၍ ပန်းခွေချအလေးပြုကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင်လည်း အဆိုပါချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Jasmine Hotel ၌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



◆*ကျောဖုံးမှ*

အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ၂၆-၉-၂၀၂၅ ရက်နေ့အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့် ရှိနိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၉**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိ ဟိုတယ် Grand Ball Room ခန်းမ၌ ကျင်းပပြုလုပ်သည်။

ဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် **(အပေါ်ယာပုံ)** က အဖွင့်အမှာစကား ပြောကြားရာတွင် NCA သည် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တစ်ခုတည်းသောစာချုပ်ဖြစ်ကြောင်း၊ NCA သည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို နိုင်ငံရေး ဆွေးနွေးပွဲရလဒ်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်သွားနိုင်ရေးတို့အတွက် လွှတ်တော်ပြင်ပတွင် ဆောင်ရွက်နိုင်သည့် လမ်းကြောင်းတစ်ခုဟုလည်း ဆိုနိုင်ကြောင်း၊ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဖွဲ့စည်းထားရှိသော လုပ်ငန်းကော်မတီများအနေဖြင့် အချိတ်အဆက်မိမိဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးစေလိုကြောင်း၊ NCA အခမ်းအနား တက်ရောက်မည့်သူများအား ဖိတ်ကြားမှုကို အချိန်မီ ဖိတ်ကြားပေးစေလိုကြောင်း၊ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများကလည်း ပြခန်းများခင်းကျင်းပြသနိုင်ရေး ဆောင်ရွက်ပေးရန် လိုကြောင်း၊ အခမ်းအနားအတွက် လုပ်ငန်းကော်မတီအလိုက် သုံးစွဲကုန်ကျမည့်ငွေများနှင့်ပတ်သက်၍ ဘဏ္ဍာရေးညွှန်ကြားလွှာပါ စည်းမျဉ်းများ အတိုင်း စနစ်တကျဖြင့် စိစစ်တင်ပြဆောင်ရွက်ရန်လိုကြောင်း၊ လုံခြုံရေးဆိုင်ရာကိစ္စများကို အသေးစိတ် ကြိုတင်စီမံဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရေးကိစ္စရပ်များ၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်း ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးပြီးနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ၁၀ နှစ်တာ ကာလအတွင်း အကောင်အထည်ဖော်နိုင်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများကို ဆန်းစစ်သုံးသပ်ပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှ ရရှိခဲ့သည့် အတွေ့အကြုံများနှင့် အမြင်များကို မျှဝေနိုင်ရန်၊ အဓိက သက်ဆိုင်ရာ အဖွဲ့အစည်း Stakeholders များအကြား ပါဝင်သင့် ပါဝင်ထိုက်သူအားလုံးပါဝင်သည့် ဆွေးနွေးမှုများကို တိုးမြှင့်ရန်ရည်ရွယ်၍ လည်းကောင်း၊ NCA ၏ ပကတိအနှစ်သာရနှင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြည်သူလူထု သဘောပေါက် သိရှိနားလည်ပြီး ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည့် အခန်းကဏ္ဍများကို ဖော်ထုတ်၍ အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွေးကောက်ပွဲတို့ကို ပေါင်းစပ်ဆောင်ရွက်ရန်နှင့် ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ဒေသန္တရအဆင့်၊ နိုင်ငံတကာအဆင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လည်းကောင်း ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

NCA အခမ်းအနားသို့ NCA ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ခဲ့သူများ၊ NCA လက်မှတ် ရေးထိုးခဲ့ကြသူများ၊ NCA အသိသက်သေများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ ပြည်တွင်း/ပြည်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် လေ့လာသူများကို ဖိတ်ကြားမည်ဖြစ်သည်။ တက်ရောက်လာကြသူများ အနေဖြင့် NCA ၏ ၁၀ နှစ်တာ ကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများအပေါ် အချင်းချင်း အမြင်သဘောထားများ၊ အတွေ့အကြုံများ မျှဝေဖလှယ်ပြီး အလွတ်သဘော ကျယ်ပြန့်စွာ ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (United Nations Development Programme–UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ်အသစ်ဖြစ်သူ Mr. Norimasa Shimo–mura အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် UNDP မှ ဆောင်ရွက်လျက်ရှိသော အသိုက်အဝန်းပြန်လည်ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်း တိုးမြှင့်ရေးလုပ်ငန်းစီမံချက် (Enabling Community Recovery and Resilience – ENCORE) ပါ တိုးချဲ့လုပ်ငန်းများဖြစ်သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့မှုအပေါ် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အကျိုးရှိထိရောက်စွာ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ UNDP ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာ ကျောင်းသားအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၉**

၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာ ကျောင်းသား အားကစားပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အလုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအားကစားကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ကျောင်းအုပ်၊ ဆရာ ဆရာမများ၊ အားကစားနည်းအလိုက် အုပ်ချုပ်သူ၊ နည်းပြများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး အားကစားနည်းအလိုက် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ်က အခြေခံပညာ ကျောင်းသားအားကစားပြိုင်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းသား ကျောင်းသူများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး အတွဲ (၃)၊ (၄) နှင့် Physical Fitness Exercises PE(22) တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က အမျိုးသားဘောလုံးပြိုင်ပွဲ အင်းစိန်ခရိုင်အသင်းနှင့် သန်လျင်ခရိုင်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲအပြီးတွင် အင်းစိန်ခရိုင်အသင်းက အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းထုတ်ပြန်ရေးကိစ္စရပ်များအတွက် တွေ့ဆုံဆွေးနွေး






ရန်ကုန် စက်တင်ဘာ ၁၉

**ရွေးကောက်ပွဲဆိုင်ရာ သတင်းထုတ်ပြန်ရေးကိစ္စရပ်များအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အမှာစကားပြောကြားသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မကြာသေးမီက နိုင်ငံတော်အကြီးအကဲ သွားရောက်ခဲ့သည့် တရုတ်နိုင်ငံ ခရီးစဉ်တွင် နိုင်ငံကြီးအချို့မှ နိုင်ငံ့ခေါင်းဆောင်ကြီးများက မြန်မာနိုင်ငံ၌ ကျင်းပမည့် ရွေးကောက်ပွဲကို ထောက်ခံကြောင်းနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့များ လွှတ်ပေးမည်ဟု ပြောကြားမှုများ ရှိခဲ့ပါကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် မိမိတို့အားလုံး မီဒီယာနည်းလမ်းများဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကာလတွင် ပြည်သူများ လုံခြုံစွာမဲပေးနိုင်ရန်အတွက်လည်း နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သတင်းမီဒီယာသမားများ အနေဖြင့် ကျေးလက်နေ ပြည်သူများထံ သတင်းမှန်များဖြန့်ဝေ၍ အတွေးမှန်၊ အသိမှန်၊ အလုပ်မှန်အောင် ဆောင်ရွက်ပေးစေ လိုကြောင်း၊ အထူးသဖြင့် လူငယ်များကို အသိပညာဖြန့်ဝေ၍ ဖွံ့ဖြိုးရေး လမ်းကြောင်းပေါ် ရောက်ရှိအောင် ကူညီ ဆောင်ရွက်ပေးရန်နှင့် လမ်းမှားရောက်နေသည့် လူငယ်များကိုလည်း လမ်းမှန်သို့ရောက်အောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌနှင့် ကောင်စီဝင်များက ရွေးကောက်ပွဲဆိုင်ရာ သတင်းထုတ်ပြန်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့်အတူ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ဖလင် ပိဋကတ်တိုက်အတွင်း ရုပ်ရှင်ဖလင်များ ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တန်ဖိုးမဖြတ်နိုင်သည့် မော်ကွန်းရုပ်ရှင် ဖလင်များအား ဒစ်ဂျစ်တယ်စနစ်ဖြင့် စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်ရေးနှင့် လိုအပ်သည့် သင်တန်းများဖွင့်လှစ် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားကာ ယခင်မော်ကွန်းရုပ်ရှင်ရုံးခွဲအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မော်ကွန်းရုပ်ရှင်ရုံးခွဲ အဆောက်အအုံသည် ၁၉၂၅ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ယခုအခါ နှစ် ၁၀၀ ခန့် သက်တမ်းရှိကာ ယခင်က မော်ကွန်းရုပ်ရှင်ကားများ ရိုက်ကူးတည်းဖြတ်၊ ထုတ်လုပ်ခြင်း၊ ရုပ်ရှင်ဇာတ်ကားများ ဆင်ဆာကြည့်ရှုခြင်း၊ ရုပ်ရှင်ထူးချွန်ဆုများ စိစစ်အကဲဖြတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် အဆောက်အအုံဖြစ်သည်။

ယင်းအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ပြီးစီးပါက မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုရီးယားသမ္မတနိုင်ငံ SDG group inc နှင့် မြန်မာနိုင်ငံ MCS group Co.,Ltd တို့မှ ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၁၉**

ကိုရီးယားသမ္မတနိုင်ငံ SDG group inc နှင့် မြန်မာနိုင်ငံ MCS group Co.,Ltd တို့မှ ဆေးနှင့် ဆေးပစ္စည်းများ ပူးပေါင်းလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ကိုရီးယားနိုင်ငံ SDG group inc နှင့် မြန်မာနိုင်ငံ MCS group Co.,ltd တို့မှပူးပေါင်းလှူဒါန်းသော အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ သန်းခန့်တန်ဖိုးရှိသည့် ဆေးဝါးနှင့် ဆေးပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာနမှ ဇူလိုင်လအတွင်းက လက်ခံရရှိခဲ့ပြီး ငလျင်ဘေးသင့်ဒေသများရှိ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့အကြား ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုသည် ဆယ်စုနှစ်ချီ၍ ရှိခဲ့ပြီဖြစ်ပါကြောင်း၊ နှစ်စဉ်ကိုရီးယားနိုင်ငံမှ အထူးကုဆရာဝန်များ လာရောက်ပြီး အသည်းအစားထိုး ကုသမှုများ၊ သွားနှင့် ခံတွင်း၊ မေးရိုးဆိုင်ရာ ခွဲစိတ်ကုသမှုများကို ကျန်းမာရေးဝန်ကြီးဌာနရှိ အထူးကုဆရာဝန်ကြီးများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်၍ ကျန်းမာရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုပြုလုပ်သွားရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် SDG group မှ Chairman မစ္စတာ ဆောင်ဒေကွမ်းက လှူဒါန်းမှုနှင့် စပ်လျဉ်း၍ ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက SDG group inc ဥက္ကဋ္ဌနှင့်အဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ SDG group မှ ကိုယ်စားလှယ်များ၊ MCS group မှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၁၉**

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်းပွဲကို ယနေ့နံနက်က ရန်ကုန်မြို့ မြန်မာနိုင်ငံစာရေးဆရာအသင်း၌ ကျင်းပသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၇ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် (၃၈) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ လှူဒါန်းကြရာ ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးမောင်မောင်လတ် (စာရေးဆရာသက်မောင်) - ဒေါ်ကြွယ်ကြွယ် (စာရေးဆရာမကြီး မကြွယ်ကြွယ်)၊ ကွယ်လွန်သူမောင်များဖြစ်ကြသော (ဦးစိုးမြတ်)နှင့် (ဦးချစ်ကြည်)တို့အားရည်စူး၍ ဒေါ်ချိုချိုလတ်မိသားစုက အလှူငွေကျပ်ငါးသိန်း၊ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးညွန့်ဟန်(သုတေသီမောင်ဟန်)နှင့် ဒေါပုံမြို့နယ်စာရေးဆရာအသင်းက ငွေကျပ်နှစ်သိန်းစီ၊ ဦးဖေသန်း (မဲခေါင်စာပေဆုရ နေမင်းသန်း)က ငွေကျပ် ၁၅၀၀၀၀၊ စာရေးဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့၊ ဦးမြင့်သိန်း (မောင်မောင်မြင့်သိန်း - စက်မှု)၊ ဦးကြည်စိန်(မှော်ဝန်းကြည်မြတ်)၊ ဦးထင်ကျော်(နိုင်မျိုးသစ္စာ-နမ္မတူ) နှင့် ဗဟန်းမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ လှိုင်မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဆရာကြယ်နီလေး(ဥပဒေ)က ငွေကျပ်ငါးသောင်း၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)က ငွေကျပ် ၂၂၀၀၀၀ တန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း(မောင်စိမ်းနောင် -လယ်ဝေး) နှင့် အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# တနင်္သာရီတိုင်းဒေသကြီး၏ ဒေသဝမ်းစာဖူလုံရေး၊ စက်မှုကုန်ကြမ်းသီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေးကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၁၉

**တနင်္သာရီတိုင်းဒေသကြီး၏ ဒေသဝမ်းစာဖူလုံရေး၊ စက်မှုကုန်ကြမ်းသီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။**




တွေ့ဆုံပွဲတွင် ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများက ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ လုပ်ငန်းခွင်အတွေ့အကြုံများနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍများအလိုက်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ခရိုင်အလိုက် မြို့နယ်အလိုက် မိမိဒေသ၏ ဆန်စပါးထုတ်လုပ်မှုဖြင့် ဝမ်းစာဖူလုံရေးအတွက် မျိုးရွေးချယ်မှုနှင့် စိုက်နည်းစနစ်များ ပြောင်းလဲဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အခြားတစ်ဖက်တွင်လည်း ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော ဝင်ငွေရသီးနှံများ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်းကို အားပေးမြှင့်တင်သွားရန် လိုအပ်ကြောင်း၊ မြိတ်ဒေသအနေဖြင့် ဆီအုန်း၊ ရော်ဘာ၊ သီဟိုဠ်သရက်အပြင် ကော်ဖီနှင့် ကိုကိုးကဲ့သို့သောသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကူညီအားပေးကြရန်လိုကြောင်း၊ ဆီအုန်း၊ ရော်ဘာပင်အိုများ အစားထိုးစိုက်ပျိုးနိုင်ရန် လိုအပ်သောမျိုးကောင်းမျိုးသန့်များကို မိမိတို့ခြံများမှ ကြိုတင်ပျိုးထောင်ထားရန် လိုအပ်ကြောင်း၊ ငါးပုစွန်ကဏ္ဍအနေဖြင့် ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး ထိန်းသိမ်းကြပ်မတ်ခြင်းအပြင် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော ငါးပုစွန်မွေးမြူထုတ်လုပ်ခြင်းကို မြှင့်တင်ဆောင်ရွက်နိုင်မှသာ ရေရှည်တည်တံ့သော လုပ်ငန်းအဖြစ် စီးပွားဖြစ်ဆောင်ရွက်နိုင်ကြမည်ဖြစ်၍ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များနှင့် ထိတွေ့ဆက်ဆံကြရာတွင် မိမိတို့တာဝန်ဝတ္တရားများကို ကျင့်ဝတ်သိက္ခာနှင့်အညီ ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံ-တရုတ် ဆောက်လုပ်ရေးဝန်ကြီးများ စားပွဲဝိုင်း အစည်းအဝေးနှင့် (၂၂) ကြိမ်မြောက် အာဆီယံ- တရုတ် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ




**နေပြည်တော် စက်တင်ဘာ ၁၉**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ကွေ့လင်(Guilin)မြို့၌ ကျင်းပသည့် အာဆီယံ – တရုတ် ဆောက်လုပ်ရေး ဝန်ကြီးများ စားပွဲဝိုင်း အစည်းအဝေးနှင့် နန်နင်း(Nanning)မြို့၌ ကျင်းပသည့် (၂၂)ကြိမ်မြောက် အာဆီယံ–တရုတ် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံ – တရုတ်နိုင်ငံများမှ ဧည့်သည်တော်များနှင့်အတူ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၁၈ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကွေ့လင် (Guilin) မြို့၌ရောက်ရှိနေစဉ် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၄ ရက် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိမ်ရာနှင့် မြို့ပြ – ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့် သီးခြားတွေ့ဆုံ၍ အာဆီယံ – တရုတ် ဆောက်လုပ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် အိမ်ရာနှင့် မြို့ပြ–ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် ထိရောက်သော အကျိုးရလဒ်များ၊ ခေတ်သစ်ပိုးလမ်းမကြီး (Belt and Road Initiative – BRI) နှင့် တရုတ်–မြန်မာ စီးပွားရေးစင်္ကြံ (China – Myanmar Economic Corridor – CMEC) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မည့် အခြေအနေများ၊ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သော အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းနှင့် ပြန်လည် တည်ဆောက်ခြင်းတို့တွင် နည်းပညာဆိုင်ရာ ကူညီပံ့ပိုးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ကွေ့လင် (Guilin) မြို့ရှိ ASEAN–China Building Technology Exhibition သို့သွားရောက်ပြီး ပြခန်းများတွင်ပြသထားသည့် ဆောက်လုပ်ရေးဆိုင်ရာပြခန်းများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် အာဆီယံ–တရုတ် ဆောက်လုပ်ရေးဝန်ကြီးများ စားပွဲဝိုင်းအစည်းအဝေး (ASEAN – China Ministerial Roundtable on Construction 2025) သို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးတွင် အဓိကဆွေးနွေးမည့် အကြောင်းအရာဖြစ်သော “ဒစ်ဂျစ်တယ်နည်းပညာ ဉာဏ်ရည်တုအသုံးချမှုဖြင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းဖြင့် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ အဆောက်အအုံကဏ္ဍ အရည်အသွေးမြင့်မားဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ခြင်း” ကို အသုံးချ ဆောင်ရွက်ခြင်းဖြင့် စမတ်မြို့ပြ၊ ကာဗွန်ထုတ်လုပ်မှုလျော့ချသော မြို့ပြများကို ရည်မှန်းချက်ထားရှိသည့်အတိုင်း အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များကိုလည်း တွက်ချက်၍ ကာကွယ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အိမ်ရာ၊ မြို့ပြ–ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍတွင် ပြည်သူ့လူနေမှုဘဝများ မြှင့်တင်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် မြို့ပြအစီအစဉ်အသစ်များ၏ ရည်မှန်းချက်များ အောင်မြင်စေရေးတို့ကို အာဆီယံ–တရုတ် ကျယ်ပြန့်သော မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

ထို့အပြင် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းနှင့် မြို့ပြအရည်အသွေး မြှင့်တင်ခြင်းတို့အတွက် ဒစ်ဂျစ်တယ်နည်းပညာ၊ အစိမ်းရောင် မြို့ပြအဆောက်အအုံဆိုင်ရာ နည်းပညာများနှင့် ဘေးကင်းလုံခြုံသော လူမှုပတ်ဝန်းကျင်များအတွက် သတင်းအချက်အလက် အခြေခံဉာဏ်ရည်တု နည်းပညာများ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် သုတေသနပူးပေါင်းဆောင်ရွက်မှုရလဒ်များကို ယခုကဲ့သို့ အာဆီယံ–တရုတ် ဆောက်လုပ်ရေးဆိုင်ရာ အစည်းအဝေးများ၊ ပြပွဲများမှတစ်ဆင့် မျှဝေခြင်းဖြင့် ဒေသတွင်းလူမှုအသိုက်အဝန်းအား ပိုမိုကောင်းမွန်သော မြို့ပြများ ပေါ်ထွန်းရေးအထောက်အကူဖြစ်ပါကြောင်းနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆောက်လုပ်ရေးဒုတိယဝန်ကြီး ဦးဆောင်ကျင်းပသည့် ဆောက်လုပ်ရေး နယ်ပယ်မှ ကျွမ်းကျင်ပညာရှင်များနှင့် စီးပွားရေးပညာရှင်များ ပါဝင်သော ASEAN – China Cooperation and Development Forum on Building Industry 2025 အလွတ်တန်းအဆင့် ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ လိုက်ပါလာသည့် ညွှန်ကြားရေးမှူးချုပ်က Digital Transfor–mation and Green Approach For Urban Development ခေါင်းစဉ်ဖြင့် တက်ရောက်ပါဝင်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက်တွင် အာဆီယံ – တရုတ် ဆောက်လုပ်ရေးဝန်ကြီးများ စားပွဲဝိုင်းအစည်းအဝေးသို့ တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ ကွေ့လင် (Guilin) မြို့မှ နန်နင်း (Nanning) မြို့သို့ သွားရောက်ကာ (၂၂) ကြိမ်မြောက် အာဆီယံ–တရုတ် ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**



# ဘားအံမြို့နယ် ဆန်စက်လုပ်ငန်းရှင်များသမဝါယမအသင်းသို့ ကွင်းဆင်းကြည့်ရှု

**ဘားအံ စက်တင်ဘာ ၁၉**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်ထောက်ပံ့ငွေရယူပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသော ဘားအံမြို့နယ် ဇာသပြင်ကျေးရွာရှိဆန်စက်လုပ်ငန်းရှင်သမဝါယမအသင်းသား ဦးမောင်မောင်ကျော်ဆန်စက်သို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ ပြည်နယ်ဦးစီးမှူး ဒေါ်အေးပွင့်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါဆန်စက်တွင် တစ်ရက်ပျမ်းမျှစပါးတင်း ၄၀၀ ခန့်ကြိတ်ခွဲထုတ်လုပ်ဆောင်ရွက်ပေးလျက်ရှိပြီး စပါးပေါ်ချိန်တွင်ဈေးနှိမ်မခံရစေရေး ပေါက်ဈေးဖြင့်ဝယ်ယူ၍ ကြိတ်ခွဲရောင်းချခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေးပြည့်မီသည့်ဆန်စပါးများ သတ်မှတ်ချက်များနှင့်အညီ ကြိတ်ခွဲထုတ်လုပ်ရောင်းချနိုင်ရေး၊ အခြင်အတွယ်နှင့် အလေးချိန်ပြည့်မီမှန်ကန်စွာ ထုပ်ပိုးရောင်းချစေရေး၊ ထွက်ရှိလာသော ဆန်များကို သမဝါယမအသင်းသားများ၊ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချစေရေး ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တရုတ်ခရီးသွားများမြင့်တက်လာခြင်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများ ဖန်တီးဖြစ်ပေါ်စေသည်ဟုဆို

**ဖနောင်ပင် စက်တင်ဘာ ၁၉**

၂၀၂၅ ခုနှစ် ပထမရှစ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်ခရီးသွားဧည့်သည် ၇၈၄၉၆၅ ဦးကို ဆွဲဆောင်နိုင်ခဲ့သဖြင့် နှစ်စဉ် တရုတ်ခရီးသွားဧည့်သည် ၄၅ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးလာကြောင်း ခရီးသွားလုပ်ငန်းအရာရှိ တစ်ဦးက စက်တင်ဘာ ၁၉ ရက်က ပြောသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ သြဂုတ်လအထိ ရှစ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့လာရောက်လည်ပတ်ခဲ့သည့် နိုင်ငံတကာခရီးသွားဧည့်သည် ၄ ဒသမ ၀၅ သန်း ရှိခဲ့ပြီး ၎င်းတို့အနက် ၁၉ ဒသမ ၃ ရာခိုင်နှုန်းမှာ တရုတ်ခရီးသွားများဖြစ်သည်ဟု ကမ္ဘောဒီးယားခရီးသွားလာရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဟန်ဆော့ချန်မရွန်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသို့ အားလပ်ရက်လာရောက်လည်ပတ်သူများတွင် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံပြီးလျှင် တရုတ်နိုင်ငံသည် တတိယအများဆုံးဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အနာဂတ်ခရီးသွားလုပ်ငန်းကဏ္ဍသည် တရုတ်ခရီးသွားများနှင့် ရင်းနှီးမြှုပ်နှံသူများ စီးဆင်းဝင်ရောက်မှုမှ ခွဲထွက်၍ရနိုင်မည်မဟုတ်ကြောင်း ဖနောင်ပင်မြို့တွင် ရှင်ကျန်းယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းအရင်းအမြစ်မြှင့်တင်ရေးအခမ်းအနားတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်ခရီးသွားများ မြင့်တက်လာခြင်းသည် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရုံသာမက တခြားကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖန်တီးဖြစ်ပေါ်စေမည့် အရေးကြီးသောအခွင့်အလမ်းတစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘောဒီးယား-တရုတ် ခရီးသွားနှစ် (၂၀၂၅) သည် နှစ်နိုင်ငံကြားခရီးသွားများ လည်ပတ်မှုကို ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း လက်ထောက်အတွင်းဝန် ဟန်ဆော့ချန်မရွန်က ပြောသည်။



ခရီးသွားလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုသည့် မဏ္ဍိုင်လေးရပ်အနက်မှ တစ်ခုဖြစ်သည်။ **ဆင်ဟွာ**

# အိုဆာကာ၌ ကျင်းပသည့် ၂၀၂၅ ကမ္ဘာ့ကုန်စည်ပြပွဲ လာရောက်လည်ပတ်သူ သန်း ၂၀ ကျော်ရှိ

**အိုဆာကာ စက်တင်ဘာ ၁၉**

အိုဆာကာမြို့၌ ကျင်းပသည့် ၂၀၂၅ ကမ္ဘာ့ကုန်စည်ပြပွဲသို့ လာရောက်လည်ပတ်သူ သန်း ၂၀ ကျော်ရှိသည်ဟု ပွဲစီစဉ်သူက ပြောသည်။

အဆိုပါပြပွဲကို ဧပြီလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး အောက်တိုဘာ ၁၃ ရက် မတိုင်မီအထိ ပြသသွားမည်ဖြစ်သည်။ အဆိုပါကုန်စည်ပြပွဲတွင် ဒေသနှင့်နိုင်ငံပေါင်း ၁၅၈ နိုင်ငံမှ ပါဝင်ခဲ့ကြပြီး ကျွန်ုပ်တို့၏ အနာဂတ်လူ့အဖွဲ့အစည်းကိုပုံဖော်ခြင်း ခေါင်းစဉ်အောက်တွင် ပါဝင်ဆင်နွှဲကြခြင်းဖြစ်သည်။

စက်တင်ဘာ ၁၈ ရက်အထိ လာရောက် လည်ပတ်သူများကို လက်မှတ်ရောင်းချထားရမှုပမာဏမှာ ၂၀ ဒသမ ၀၃၇ သန်းအထိ ရောက်ရှိလာပြီ ဖြစ်သည်ဟု ပွဲစီစဉ်သူက ပြောသည်။



ကုန်စည်ပြပွဲသို့ လာရောက်လည်ပတ်သူများကို တွေ့ရစဉ်။

ကုန်စည်ပြပွဲ စတင်ဖွင့်လှစ်ပြီးနောက် နေ့စဉ်ပျမ်းမျှလာရောက်သူ တစ်သိန်းခန့်ရှိပြီး သြဂုတ်လလယ်မှ စတင်၍ လာရောက်သူ ၁၅၀၀၀၀ အထိတိုးလာပြီး ယခုသီတင်းပတ်တွင် နှစ်သိန်းအထိ ရှိလာသည်။ ယင်းနှုန်းအတိုင်းသာ ဆက်သွားပါက လာရောက်လည်ပတ်သူ စုစုပေါင်းမှာ ၂၅ သန်းအထိ ရောက်ရှိလာနိုင်သည်။ ပြပွဲမစတင်မီက ပြပွဲကာလအတွင်း လာရောက်လည်ပတ်သူ ၂၈ ဒသမ ၂ သန်းအထိ ရှိလိမ့်မည်ဟု ခန့်မှန်းထားသည်။

ပြပွဲကျင်းပရာ နေရာသည် ဧည့်သည်များဖြင့် ပြည့်ကျပ်နေပြီး ပြခန်းများသို့ ဝင်ရောက်ရန် ကြိုတင်စာရင်းသွင်းမှုများ ခက်ခဲလာသည်။ လက်မှတ်ရှိသော်လည်း ပြပွဲသို့ မဝင်ရောက်နိုင်သူများကို ငွေပြန်အမ်းမည်မဟုတ်ဟု ပွဲစီစဉ်သူက ကြေညာထားသည်။

**အင်န်အိတ်ချ်ကေ**

# အာဟာရချို့တဲ့ခြင်းပြဿနာ ဖီဂျီနိုင်ငံအတွက် အဓိက စိုးရိမ်ဖွယ်ရာအကြောင်းဖြစ်နေဆဲဖြစ်

**ဆူဗာ စက်တင်ဘာ ၁၉**

အာဟာရချို့တဲ့ခြင်းပြဿနာ ဖီဂျီနိုင်ငံ၌ အဓိကစိုးရိမ်စရာ ပြည်သူ့ကျန်းမာရေး အခြေအနေဖြစ်နေဆဲဖြစ်ကြောင်း၊ အသက်နှစ်နှစ်အောက်ကလေး ၈၀ ရာခိုင်နှုန်းနှင့် ကျောင်းနေအရွယ်ကလေး ၅၀ ရာခိုင်နှုန်းမှာ အာဟာရချို့တဲ့မှုကို ခံစားနေရကြောင်း၊ ဖီဂျီနိုင်ငံ၏ တတိယမြို့တော်ဖြစ်သည့် နာဒီမြို့တွင် ကျင်းပသည့် အမျိုးသား တောင်သူလယ်သမားဆုချီးမြှင့်ပွဲအခမ်းအနား၌ အာဟာရချို့တဲ့မှုများ၊ အသေးစားအာဟာရချို့တဲ့မှုနှင့် အာဟာရလွန်ပြဿနာများကို အရေးတကြီး ကိုင်တွယ်ဖြေရှင်းရန်လိုအပ်ကြောင်း အမျိုးသမီး၊ ကလေးသူငယ်နှင့်လူမှုကာကွယ်စောင့်ရှောက်ရေးဝန်ကြီး ရှာရီကီရန်က တိုက်တွန်းခဲ့သည်။

မိသားစုများအား မိရိုးဖလာ စိုက်ပျိုးမွေးမြူရေးနှင့် အစားအစာထုတ်လုပ်ခြင်း အလေ့အကျင့်များပြန်လည်ကျင့်သုံးရန်၊ ဒေသထွက်အသီးအနှံများ၏ အာဟာရတန်ဖိုးကိုအလေးပေးရန် ကီရန်က တိုက်တွန်းခဲ့သည်။ အကျပ်အတည်းကာလတွင်သာမက အမျိုးသားကျန်းမာရေးကို မြှင့်တင်ရန်နှင့်စားနပ်ရိက္ခာ ကုန်ကျစရိတ်လျှော့ချရန် ရေရှည်တည်တံ့သောနည်းလမ်းအဖြစ် အိမ်တွင်းဥယျာဉ်စိုက်ပျိုးခြင်းကို မြှင့်တင်သင့်ကြောင်း ၎င်းကဆက်ပြောသည်။

ကလေးများတွင် ကြီးထွားမှုနှောင့်နှေးခြင်းနှင့် သွေးအားနည်းရောဂါဖြစ်ပွားမှုနှုန်း မြင့်မားနေသည့်အခြေအနေကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးခဲ့ပြီး မသင့်လျော်သည့်စားသောက်မှုပုံစံနှင့် လူနေမှုပုံစံပြောင်းလဲမှုတို့ကြောင့် ဆီးချိုရောဂါနှင့် နှလုံးရောဂါကဲ့သို့ ကူးစက်ရောဂါမဟုတ်သည့် ရောဂါများလည်းမြင့်တက်လျက်ရှိသည်။ သကြားနှင့် ဆားပါဝင်မှုမြင့်မားသော ပြုပြင်ထားသည့်အစားအစာများ အထူးသဖြင့် သွင်းကုန်အစားအစာများကို အလွန်အမင်း မှီခိုနေရခြင်းသည် အာဟာရဆိုင်ရာဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။ **ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၄၀၄၆၁ ဦးကျော်ရှိ

**ဒါကာ စက်တင်ဘာ ၁၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက်မှာ ဆက်လက်တိုးလာနေပြီး စက်တင်ဘာ ၁၈ ရက်အထိ သေဆုံးသူ ခြောက်ဦးရှိကြောင်း ကျန်းမာရေး ဝန်ဆောင်မှုဦးစီးဌာန (ဒီဂျီအိတ်ချ်အက်စ်)က ပြောကြားသည်။

စက်တင်ဘာ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီအထိ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူသစ် ၆၄၇ ဦးရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၄၀၄၆၁ ဦး ကျော်ရှိကြောင်း ဒီဂျီအိတ်ချ်အက်စ်က ပြောကြားသည်။ အဆိုပါရောဂါကြောင့် သေဆုံးသူစုစုပေါင်းမှာ ၁၆၇ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဒီဂျီအိတ်ချ်အက်စ်က ထုတ်ပြန်ထားသည်။ ခြင်ကြောင့် ကူးစက်သည့်ရောဂါများ ဖြစ်ပွားနိုင်ခြေ မြင့်မားသည်ဟု ယူဆရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဇွန်လမှ စက်တင်ဘာလအတွင်း မုတ်သုံရာသီသည် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသည့်ရာသီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



# ဇမ်ဘီယာနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားသူ ၁၇၄ ဦးတွေ့ရှိ

**လူဆာကာ စက်တင်ဘာ ၁၉**

ဇမ်ဘီယာနိုင်ငံ၌ ပြီးခဲ့သည့်လ နိုင်ငံမြောက်ပိုင်း ကာလဝမ်းရောဂါဖြစ်ပွားချိန်မှစ၍ ရောဂါဖြစ်ပွားသူစုစုပေါင်း ၁၇၄ ဦးရှိပြီး သေဆုံးသူနှစ်ဦးရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

နိုင်ငံမြောက်ပိုင်း ခရိုင်သုံးခု၌ ရောဂါဖြစ်ပွားသူ ၁၅၆ ဦးမှာ ဆေးရုံမှ ဆင်းသွားပြီဖြစ်ပြီး ၁၆ ဦးမှာ ဆေးရုံတက်ရောက် ကုသလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီး အလီဂျာမူချီမာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဝန်ကြီးဌာနသည် မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်း၍ ရောဂါတုံ့ပြန်ရေးလုပ်ငန်းများကို တိုးမြှင့်ကာ ကာလဝမ်းရောဂါကုသရေးစင်တာများ ဖွင့်လှစ်ပြီး စောင့်ကြပ်ကြည့်ရှုခြင်းများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

လာမည့်သီတင်းနှစ်ပတ်အတွင်း ကာကွယ်ဆေးတိုက်ကျွေးမှုနှင့်အတူ အခြားလူပေါင်းနှစ်သိန်းကို ကာကွယ်ဆေးတိုက်ကျွေးမည့် အစီအစဉ်များကို လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ညောင်လေးပင်မြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ



**ညောင်လေးပင် စက်တင်ဘာ ၁၉**

ညောင်လေးပင်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့နံနက်က ဘိုင်းဒါး အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ လူငယ်စကားဝိုင်း ကျင်းပသည်။

ဦးစွာ ဘိုင်းဒါး အခြေခံပညာ အထက်တန်း ကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီဝင်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီဝင်းက ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူများက ခေါင်းစဉ်အလိုက် ဆွေးနွေးကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ရန်ကုန်မြို့အတွင်း၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများအား ပျက်ပြားစေရန် ရည်ရွယ်၍ လှုံ့ဆော်စာရေးသားထားသည့် စတေကာများ လိုက်လံကပ်သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန် ရည်ရွယ်၍ လှုံ့ဆော်စာများ ရေးသားထားသည့်စတေကာများဖြင့် အများပြည်သူသွားလာနေသည့် နေရာများ၌ စတေကာကပ်၍ လှုံ့ဆော်သူ အမျိုးသား နှစ်ဦးအား ဖော်ထုတ်ဖမ်းဆီး အရေးယူထားကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရှိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန် ရည်ရွယ်၍ လှုံ့ဆော်စာရေးသားထားသည့် စတေကာများကို လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ရွှေလင်ဗန်းကျေးရွာ ကျန်စစ်သားလမ်းနှင့် ဦးဖိုးလှိုင် လမ်းထောင့်ရှိ လမ်းညွှန်ဆိုင်းဘုတ်၌ ကပ်ထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါ လမ်းညွှန်ဆိုင်းဘုတ်ပေါ်၌ အလျား ၇ လက်မ၊ အနံ ၄ လက်မခန့်ရှိ နောက်ခံ အနီရောင်ပေါ်တွင် အဝါရောင်ဖြင့် ရွေးကောက်ပွဲအား ဆန့်ကျင် လှုံ့ဆော်ရေးသားထားသည့် စာသားပါစတေကာ တစ်ရွက်နှင့် အနက်ရောင်မဲပုံးပေါ်တွင် ကျည်ဆန်ပုံသင်္ကေတန်များပါ စတေကာတစ်ရွက်တို့ ကပ်ထားသည်ကို တွေ့ရှိရသဖြင့် ဖယ်ရှားရှင်းလင်း၍ ကျူးလွန်သူများအား လှိုင်သာယာ (အရှေ့ပိုင်း) မြို့မရဲစခန်း(ပ)၈၁၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ရေး ဥပဒေပုဒ်မ ၂၃(က) ဖြင့် အမှုဖွင့်လှစ်၍ ဖော်ထုတ် ဖမ်းဆီးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့သည့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၆) ရပ်ကွက်နေသူများဖြစ်ကြသည့် အောင်ရဲထွဋ်(ခ) ရဲထွဋ် (၂၄) နှစ်နှင့် ရန်နိုင်ကြည်ဝင်း(ခ)ရန်နိုင် (ခ) အကြီးကောင်(၂၃) နှစ်တို့ကို စက်တင်ဘာ ၁၈ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် ၎င်းတို့နေအိမ်မှ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ၎င်းတို့၏ ထွက်ဆိုချက်များအရ ၎င်းတို့သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပျက်ပြားစေရန်ရည်ရွယ်၍ စက်တင်ဘာ ၁၃ ရက်တွင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်အတွင်းရှိ အများပြည်သူနှင့် သက်ဆိုင်သော နေရာ ၁၀ နေရာ၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို ပျက်ပြားစေရန် ရည်ရွယ်ရေးသားထားသည့် စာသားပါ စတေကာများဖြင့် အသိပေး လှုံ့ဆော်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရကြောင်းနှင့် ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



တရားခံ ရန်နိုင်ကြည်ဝင်း(ခ)ရန်နိုင်(ခ)အကြီးကောင်၊ အောင်ရဲထွဋ်(ခ)ရဲထွဋ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉ - ၉ - ၂၀၂၅ ဘီလီယံ- စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၆၀၀ | ၅၀ | ၃၈၀၀၀၀ |
| MTSH | ၃၁၅၀ | ၃၁၅၀ | ၁၅၁၀ | ၄၇၅၆၅၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၁၄၀ | ၁၀၅၀၀၀၀ |
| FPB | ၂၄၀၀ | ၂၄၀၀ | ၁၆၂၂ | ၃၈၉၂၈၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၁၇ | ၄၅၀၅၀ |
| EFR | ၁၉၅၀ | ၁၉၅၀ | ၁၁၂ | ၂၁၈၄၀၀ |
| AMATA | ၃၃၅၀ | ၃၃၅၀ | ၃၇၇ | ၁၂၆၂၉၅၀ |
| MAEX | ၃၃၅၀ | ၃၃၅၀ | ၁၀ | ၃၃၅၀၀ |

# PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက်က ပြင်စည်အမြန်လမ်းမကြီး ရဲစခန်း၊ စခန်းမှူး ရဲအုပ်ရဲမင်းထက် ဦးစီးသော တပ်ဖွဲ့ဝင်များ နွားထိုးကြီးမြို့နယ် မိုင်တိုင်အမှတ်-၃၁၆/၀ ရှိ ရွှေတောက်ကျင်းဓမ္မရိပ်သာကျောင်းတိုက်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ချမ်းသာ(မိတ္ထီလာ)



(၆၁) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇေယျာသန်း၊ ဒုရဲမှူး မြင့်ဆွေ၊ ဒုရဲမှူး ဆန်းဦးနှင့် ဒေါက်တာနှင်းဇော်သိန်းနှင့် ရဲတပ်ဖွဲ့ဝင် ၅၄ ဦးတို့ စက်တင်ဘာ ၁၉ ရက်က ပြည်ကြီးတံခွန်မြို့နယ် ဒေသန္တရကျန်းမာရေးဦးစီးဌာန အတွင်းအပြင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ဇော်ဘိ



(၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်က ကျိုက်မရောမြို့ ပိန်းနဲကုန်းကျေးရွာ အထက ကျောင်း၌ အမှတ် (၂) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ အမှတ် (၁၅) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ် တပ်ခွဲမှူး၊ ယာယီရဲမှူး ကျော်ဇေယျဦးဆောင်၍ တပ်ဖွဲ့ဝင် ၃၅ ဦးတို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကျိုက်မရော(ပြန်/ဆက်)



စက်တင်ဘာ ၁၇ ရက်က အင်းစိန်ခရိုင် ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရဲမှူး၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# မော်လမြိုင်မြို့၌ (၁၉၁)ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၁၉**

မော်လမြိုင်မြို့လုံးကျွတ် (၁၉၁) ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဗုဒ္ဓဘာသာနွယ်ဝင် စေတနာရှင် ပြည်သူများတက်ရောက်၍ ဆွမ်းဆန်တော်များ လောင်းလှူကြသည်။

ဆွမ်းဆန်တော်လောင်းလှူပွဲကို မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက် လောကမာရဇိန်(ငွေဘုံသာ)ဘုရားမှစတင်၍ ဇေယျာ(၂) လမ်းအတိုင်း မြောက်ဘက်မှ အနောက်ဘက်မင်းလမ်းတစ်လျှောက်၊ အတ္ထရံဟိုတယ်ကွေ့မှ အောက်လမ်းမကြီးအတိုင်း စစ်ကဲကုန်းရပ်ကွက်၊ သာယာကုန်းဝတ်တော်ကြီးအထိ ထိုမှတစ်ဆင့်ဗဟိုလမ်း၊ မောရဝတီပန်းခြံရှေ့အထိ မြို့ပေါ်ရှိဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၄၁၃ ကျောင်းတို့မှ ဆရာတော်၊ သံဃာတော်၊ သာမဏေ ၈၃၁၄ ပါးကျော်၊ သီလရှင် ၁၅၁၅ ပါးကျော် စုစုပေါင်းသံဃာတော်၊ သီလရှင် အပါး ၁၀၀၀၀ ခန့်တို့အား ဆွမ်းဆန်တော်များ လှူဒါန်းလောင်းလှူခဲ့ကြသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးတွင် စာသင်၊ စာချသီတင်းသုံးနေထိုင်တော်မူသော ဆရာတော်၊ သံဃာတော်၊ သာမဏေနှင့် သီလရှင်များ ဆွမ်းကိစ္စခက်ခဲပင်ပန်းမှု မရှိစေရေးနှင့် ပစ္စည်းလေးပါးအဆင်ပြေစေရေး၊ ထေရဝါဒဗုဒ္ဓသာသနာတော်ကို အထောက်အပံ့ဖြစ်စေရေးအတွက် မော်လမြိုင်မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုအခါ (၁၉၁) ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# စစ်တွေမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးပွဲ ကျင်းပ

**စစ်တွေ စက်တင်ဘာ ၁၉**

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့ သရုပ်ပြမဲပေးပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်



ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သက်ကြီးမဲဆန္ဒရှင်များနှင့် မသန်စွမ်းမဲဆန္ဒရှင်များ တက်ရောက်ကြသည်။

ဦးစွာ စစ်တွေမြို့နယ်ရွေးကောက်ပွဲကော်မရှင် ကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူတစ်ဦးက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဆိုင်ရာ အချက်အလက်များနှင့် အသုံးပြုပုံ နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များမှ ပြည်သူများနှင့် မသန်စွမ်းပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးနေမှုကို လှည့်လည်ကြည့်ရှုပြီး (ဝဲပုံ) လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့အတူ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နှင့် မာန်အောင်မြို့တို့တွင်လည်း သက်ဆိုင်ရာ မြို့နယ်ခန်းမများ၌ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး စားရိပ်သာ၌ ကျင်းပသည့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ချီးမြှင့်ငွေကျပ် ၁၀၄၄၉၀၀၀ ပေးအပ်ချီးမြှင့်သည်။ **တင်ထွန်း၊ ဝင်းမင်းစိုး**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၁၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံ



ပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါး ကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေပြည်သာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်ဦး ဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၄၀ တို့က ရွှေပြည်သာမြို့နယ် အမှတ်(၂၅) ရပ်ကွက် သာဓုကန်ဘုရားလမ်းရှိ သာဓုကန် ပရိယတ္တိစာသင်တိုက်၏ ကျောင်းဝင်း အတွင်း၊ အပြင်၌ စက်တင်ဘာ ၁၇ ရက်က ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

အေးမိုး(ပြန်/ဆက်)

# ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက မှော်ဘီမြို့နယ် အ.ထ.က (သန္ဓေပင်)ကျောင်း ပညာသန္ဓေခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မှော်ဘီမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၆၄)မှ ဒုရဲမှူးအောင်ဇော်က ကျောင်းသား ကျောင်းသူများအား ခြေကျင်လျှောက်ရာတွင် လိုက်နာရမည့်စည်းကမ်းများ၊ လမ်းဖြတ်ကူးလိုပါက လိုက်နာရမည့် စည်းကမ်းများ၊ အုပ်စုလိုက်အစုအဝေးဖြင့် လျှောက်လိုပါက လိုက်နာရမည့် စည်းကမ်းများ၊ အနေးယာဉ် စီးနင်းသူများ လိုက်နာရန် စည်းကမ်းများနှင့် ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းချက်များကို အသိပညာပေးပြောကြားပြီး ယာဉ်စည်းကမ်း/လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ဟောပြောပွဲသို့ အမှတ်(၆၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးနှင့် တပ်ဖွဲ့ဝင်များအပါအဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၁၅ ဦး တက်ရောက်ခဲ့သည်။ **အောင်ဇော် (မှော်ဘီ)**



# ကမာရွတ်မြို့နယ်၌ လူကုန်ကူးခံရမှုပပျောက်ရေး အသိပညာပေးဟောပြော



**ရန်ကုန် စက်တင်ဘာ ၁၉**

ကမာရွတ်မြို့နယ်၌ ယမန်နေ့ နံနက်ပိုင်းက အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမား ပပျောက်ရေးနှင့် လူကုန်ကူးခံရမှု ပပျောက်ရေး အသိပညာပေး ဟောပြောသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက ဆိုးရွားဆုံးပုံစံဖြင့် ခိုင်စေခြင်းခံရသော ကလေးသူငယ်များအား ကလေးအလုပ်သမားဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **စိမ်းလဲ့(ပြန်/ဆက်)**

# မတ္တရာမြို့နယ်ရှိ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ဆေး တိုက်ကျွေး

**မတ္တရာ စက်တင်ဘာ ၁၉**

မတ္တရာမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ဆေးများ တတိယအကြိမ် တိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းက အခြေခံပညာကျောင်းများရှိ ကျောင်းသားကျောင်းသူများအား တိုက်ကျွေးခဲ့သည်။

အဆိုပါ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ဆေးတိုက်ကျွေးရာတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ငါးနှစ်မှ ခုနစ်နှစ်အရွယ် ကျောင်းသားကျောင်းသူ ၅၀၁ ဦးအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်၊ ကျောင်းအုပ်ကြီးများ၊



ဆရာဆရာမများပူးပေါင်း၍ကာကွယ်ဆေးများတိုက်ကျွေးခဲ့ပြီး ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# သထုံမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ ကျင်းပ

**သထုံ စက်တင်ဘာ ၁၉**

သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၁၇ ရက်က သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ (သုဝဏ္ဏ) အခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပြီး အသိပညာပေး ဟောပြောသည်။



ဦးစွာ (သုဝဏ္ဏ)အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိမွန်က အမှာ စကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြင်ပစာပေများကို လေ့လာဖတ်ရှုကြရေးကို ဟောပြောဆွေးနွေးသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# ကိုကိုးကျွန်းမြို့နယ်၌ ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**ကိုကိုးကျွန်း စက်တင်ဘာ ၁၉**

ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့က ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းဇော်က ပြိုင်ပွဲများပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပရာ တိမ်ဦးလေချိုကလေးကဗျာများစာအုပ်မှ တောခလေ့နွေအလှခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရာ ဝင်ရောက်ယှဉ်ပြိုင်သူ ၁၃ ဦးရှိသည်။ အဆိုပါကဗျာရွတ်ဆိုပြိုင်ပွဲတွင်




ဝင်ရောက်ယှဉ်ပြိုင်သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**



မှော်ဘီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် မဲဆန္ဒရှင်ပြည်သူများပူးပေါင်း၍ မြန်မာအီလက်ထရောနစ် မဲပေးစက် အသိပညာပေးခြင်းနှင့် လက်တွေ့မဲပေးခြင်းကို စက်တင်ဘာ ၁၆ ရက်က လက်ပံဝဲဘုန်းကြီးကျောင်း၊ မိုးကြိုးပစ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနှင့် ကျီးပင်ဆိပ်ကရင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်ကျောင်းတို့၌ ဆောင်ရွက်စဉ်။ ဝင်းဇော်(ပြန်/ဆက်)

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် မဲဆန္ဒရှင်များ ပူးပေါင်း၍ မြန်မာအီလက်ထရောနစ် မဲပေးစက် အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၁၇ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀)ရပ်ကွက် ဟေမဝန်ခမ်းမဆောင်၌ ဆောင်ရွက်စဉ်။ သက်မင်းဟန်(ပြန်/ဆက်)





ကျိုင်းတုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများနှင့် မဲဆန္ဒရှင်ပြည်သူများ ပူးပေါင်း၍ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၁၆ ရက်က ယန်းကျိန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်စဉ်။ အောင်ဇင်မြင့်(ပြန်/ဆက်)



မူဆယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့် မဲဆန္ဒရှင်ပြည်သူများ ပူးပေါင်း၍ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် အသိပညာပေးခြင်းကို စက်တင်ဘာ ၁၆ ရက်က တောင်ရပ်ကွက်၌ ဆောင်ရွက်စဉ်။ ချယ်ရီမြေ(မူဆယ်)



မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် မဲဆန္ဒရှင်ပြည်သူများ ပူးပေါင်း၍ စက်တင်ဘာ ၁၇ ရက်က သိမ်ဖြူမီးရထားရပ်ကွက် သာသနဟိတဓမ္မာရုံ၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်စဉ်။ မြတ်မြတ်အေး(ပြန်/ဆက်)



ဒေါပုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် မဲဆန္ဒရှင်ပြည်သူများ ပူးပေါင်း၍ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၁၆ ရက်က ဝါဆိုရပ်ကွက်ရပ်ကွက်ရှိ ဓမ္မသုခဓမ္မာရုံ၌ ဆောင်ရွက်စဉ်။ ချစ်စုဝေ(ပြန်/ဆက်)



တွံတေးမြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် မဲဆန္ဒရှင်ပြည်သူများပူးပေါင်း၍ မြန်မာအီလက်ထရောနစ် မဲပေးစက် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၁၆ ရက်က ဖျောက်ရိုးကျေးရွာနှင့် ကံလှကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဆောင်ရွက်စဉ်။ မျိုးလှိုင်(တွံတေး)

## လမ်းဖောက်လုပ်ရာတွင်ပါဝင်သွားသော မြေယာများအတွက် တောင်သူများအား ပံ့ပိုးငွေပေးအပ်

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၉**

မော်လမြိုင်ကျွန်းမြို့နယ်၌ မော်လမြိုင်ကျွန်း- လှိုင်းဘုန်း- သစ်ပုတ်-



ကွင်းပေါက်- ပြင်စလူ- လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော မဲဇလီပုသိမ်စုကျေးရွာနှင့် ထီပါလယ်ကျေးရွာမှ တောင်သူများအား မြေယာများအတွက် ပံ့ပိုးငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပသည်။

**ပံ့ပိုးငွေပေးအပ်**

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက တောင်သူများအား မြေယာများအတွက် ပံ့ပိုးငွေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများအား ပံ့ပိုးငွေများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ရဲကိုမောင် (ပြန်/ဆက်)

## ညောင်ဦးမြို့နယ်၌ နတ်သမီးကမ်းပါး မြစ်ရေတင်လုပ်ငန်း ပြုပြင်ထိန်းသိမ်း

**ညောင်ဦး စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နတ်သမီးကမ်းပါး မြစ်ရေတင်လုပ်ငန်းမှ ရေပေးရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရန်အတွက် မြစ်ရေတင်လုပ်ငန်း ပြုပြင် ထိန်းသိမ်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်းနှင့် တာဝန်ရှိသူများက ရေစက်ရုံဝန်ထမ်းများနှင့် တွေ့ဆုံကာ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေစက်ရုံ၌ မြစ်ရေတင်လုပ်ငန်း ပုံမှန်လည်ပတ်နိုင်ရေးအတွက် ရေပိုက်လိုင်းများနှင့် စက်ယန္တရားများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## မိုးညှင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုးညှင်း စက်တင်ဘာ ၁၉**

ကချင်ပြည်နယ် မိုးညှင်းမြို့ ဟဲလုံခေတ်မီစံပြ ကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးဌေးမြင့်နှင့် ဝန်ထမ်းများက ဟဲလုံခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဘဏ္ဍာနှစ်အထိ စီမံကိန်းလုပ်ငန်း ရှစ်နှစ်တာကာလအတွင်း အရင်းမပျောက် မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ နှင့် အတိုးရငွေကျပ် ၄၈၈ သိန်း စုစုပေါင်း ငွေကျပ် ၇၈၈ သိန်းဖြင့် အောင်မြင်စွာ လည်ပတ်လျက် ရှိကြောင်းနှင့် ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး လုပ်ကိုင်သူ ၄၈ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၃၇ ဦးနှင့် အရောင်းအဝယ်လုပ်ကိုင်သူနှစ်ဦး စုစုပေါင်း ၈၇ ဦးတို့အတွက် ငွေကျပ် ၅၈၈ သိန်းကို ကျေးရွာနေပြည်သူများ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ထုတ်ချေးထားရှိကြောင်း သိရသည်။

ရွှေမိုးညှင်း

## အမြန်လမ်းမကြီး၌ မော်တော်ယာဉ်များအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး

**ဖြူး စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးအမြန်လမ်းမကြီးရဲစခန်းမှ အမြန်လမ်းမကြီးအား အသုံးပြုသွားလာလျက်ရှိသော မော်တော်ယာဉ်များ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ လိုက်နာမှုရှိစေရေး အသိပညာပေးလုပ်ငန်းများကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါအမြန်လမ်း ၁၁၅ မိုင် တိုးဂိတ်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဖြူးအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးကျော်စိုး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်များအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ လိုက်နာမှုရှိစေရေး အသိပညာပေး လက်ကမ်းစာစောင် ၂၀၀ ကို ပေးဝေခဲ့ကြောင်း သိရသည်။

နေမျိုးလွင် (ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ လျှပ်စစ်သုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ရာ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကို ဦးဆောင်သောဝန်ထမ်းများက ဓာတ်အားသုံးစွဲသူပြည်သူများအား လျှပ်စစ်အန္တရာယ်သတိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။ သိန်းမြင့်ကျော်(မိတ္ထီလာ)



လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို အလုံမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ စက်တင်ဘာ ၁၇ ရက်က ကျင်းပရာ ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်စိုးက အမှာစကားနှင့် သဘာဝဘေးအန္တရာယ်နှင့် လူငယ်နှင့်စာပေခေါင်းစဉ်များဖြင့် လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က လူငယ်နှင့်ခေါင်းဆောင်မှုအကြောင်းကို ဟောပြောစဉ်။

ယောရော(ပြန်/ဆက်)



ရွှေဘိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကို စက်တင်ဘာ ၁၇ ရက်က ကျင်းပရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ပတ်သက်သည့် အသိပညာများကို ဟောပြောစဉ်။ ခရိုင်(ပြန်/ဆက်)



ချောင်းဆုံမြို့နယ် မုရစ်ကြီး(မူလွန်)ကျောင်း၌ စက်တင်ဘာ ၁၇ ရက်က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပရာ တာဝန်ရှိသူများက ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် အားကစားနှင့် ကျန်းမာရေးအကြောင်းအရာများကို ဟောပြောစဉ်။ ကိုကျော်(ချောင်းဆုံ)



အိမ်မဲမြို့နယ် အလက (သဖန်းပင်ဆိပ်)၌ စက်တင်ဘာ ၁၆ ရက်က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပရာ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်၊ လူငယ်နှင့်အားကစားနှင့် ဆက်သွယ်ရေးလိမ်လည်မှုအကြောင်းအရာများကို ဟောပြာစဉ်။

ချစ်သက်လယ် (ပြန်/ဆက်)



လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက်က တောင်တွင်းကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ အလက(၃)၌ ကျင်းပရာ တာဝန်ရှိသူနှင့် ကျောင်းသား ကျောင်းသူများက လူငယ်ဆိုင်ရာ အသိပညာများကို ဟောပြောစဉ်။

နောင်နောင်(ဗိဿနိုးမြေ)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ (၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(ရပ်-၃)၊ အကွက်အမည်- ရှမ်းစုရပ်၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၀.၀၅၂)ဧကရှိ အရှေ့လားသော်-ဦးပိုင်အမှတ်(၁၃)၊ အနောက်လားသော်-ဦးပိုင်အမှတ်(၁၃) ကျန်မြေ၊ တောင်လားသော်- လမ်း၊ မြောက်လားသော်- ကားလမ်း မြေကို ဦးညီညီထွန်းမှ ဘိုးဘပိုင်အမည်ပြောင်းပေးရန် လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ၁၄-၁၀-၂၀၂၅ ရက် နောက်ဆုံးထားကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာန၊ ပဲခူးမြို့**

## မိဘအမည်မှန်

ကျွဲပွဲမြို့၊ မော်ကွန်းအိမ်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း Grade(12)တွင် ပညာသင်ယူနေသော မောင်ဝေယံအောင်၏ ဖခင် ဦးစောဝင်းမောင် အား ဦးစောဝင်းအောင် ၂/ဖဆန(နိုင်)၀၁၁၈၆၇၊ မိခင် ဒေါ်ဌေးကြည် အား ဒေါ်အိဇာ ၉/ကပတ(နိုင်)၂၅၃၅၀၅ ဟု ခေါ်ဆိုကြပါရန်။ **ဦးစောဝင်းအောင်-ဒေါ်အိဇာ**

## မိခင်အမည်မှန်

ကျွဲပွဲမြို့၊ မော်ကွန်းအိမ်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း Grade(12)တွင် ပညာသင်ယူနေသော မနှင်းဝတ်ရည်၏ မိခင် ဒေါ်အေးခိုင်၏ အမည်မှန်မှာ ဒေါ်အေးအေးခိုင် ၇/အတန(နိုင်)၀၈၉၂၅၈ ဖြစ်ပါကြောင်း။ **ဒေါ်အေးအေးခိုင်**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၄/၂၀၂၅-၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-170(25-26)CAP | Installation Service of Cathodic Protection System for Ahpyauk-Shwepyithar 10th Natural Gas Pipeline | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၁၉-၉-၂၀၂၅**ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန)နေပြည် တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၂၀-၁၀-၂၀၂၅ရက် (၁၃:၀၀)**နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရုံးအမှတ်( ၄၄)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၉-၈၅၄၅၄၄၀၅၀၊ ၀၉-၂၆၀၀၁၉၄၄၈**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/6288၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ဟသ်ာတမြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1TLR/6288 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**(ရွာသာကြီး)**

## မိဘအမည်မှန်

ကျွဲပွဲမြို့၊ မော်ကွန်းအိမ်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း Grade(12)တွင် ပညာသင်ယူနေသော မောင်စောဆာကူသေး၏ ဖခင်ဦးစောဇော်ဝရာ အား ဦးစောဇော်ရော ၇/ဖမန(နိုင်)၀၁၉၄၈၄၊ မိခင် နော်ဘွယ်ကဖော အား နော်ကွယ်ကဘောဖော ၇/အတန(နိုင်)၀၀၅၃၈၇ ဟုခေါ်ဆိုပါရန်။ **ဦးစောဇော်ရော**
**နော်ကွယ်ကဘောဖော**

## အမည်မှန်

ကျွဲပွဲမြို့၊ မော်ကွန်းအိမ် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း Grade (12)တွင် ပညာသင်ယူနေသော မောင်ရိုဟီးကပူး၏ အမည်မှန်မှာ မောင်ရိုဟီကပူးဖြစ်ပြီး ဖခင် ဦးကနေဟီလား၏ အမည်မှန်မှာ ဦးကနေယာလာလ် ၇/ဖမန(စ)၀၀၂၈၈၄ ဖြစ်ပါကြောင်း။

**မောင်ရိုဟီကပူး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိ အလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၁၀၆၅)၊ မြေဧရိယာ (၀.၁၄၆) ဧကရှိ ဦးနေဇင်ဦး (ဘ)ဦးတင်ဝင်း ၉/ရမသ(နိုင်)၀၈၆၆၉၀ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးနေဇင်ဦးထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၉၈၃/၂၀၂၂)၊ ၁၀-၁၁-၂၀၂၂ ရရှိထားသူ ဦးသန်းစိုး (ဘ)ဦးအောင်ဆန်းဦး ၉/ပမန(နိုင်)၁၂၂၉၉၇မှ ဦးမင်းဒင် (ဘ)ဦးမောင်ကို ၉/မသန(နိုင်)၀၀၇၂၉၉နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/2692 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ပတ်စ်ပို့ပျောက်

ကိုကျော်ဇေယျာဝင်း ၉/မထလ(နိုင်)၂၃၆၅၄၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (A-270378)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

၀၉-၇၉၀၁၅၅၃၄၆

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်လမ်း၊ တိုက်အမှတ် (၂၇)၊ ၄လွှာ(ခ)၊ ခန့်မှန်းကြမ်းခင်းဧရိယာ ၆၂၅ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်ခင်ဌေးဝင်း ၁၂/အစန(နိုင်)၁၂၂၉၄၅ တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်မွန်ထွန်း**
**၁၂/ကမတ(နိုင်)၀၆၄၅၂၈**
**ဖုန်း-၀၉-၉၇၈၈၀၆၄၉၂၊ ၀၉-၄၂၀၀၇၆၀၂၂**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/48460 Yamaha FZ 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မျိုးထက် ၅/စကန(နိုင်)၃၃၂၉၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 11W/12801 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်စိုးဦး ၉/ပဥလ(နိုင်)၀၉၁၉၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1W/78754 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၇၀၀၁၉ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင် ၁၀/မလမ(နိုင်)၁၂၂၀၁၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/2765 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထိုက် ၁၀/ခဆန(နိုင်)၀၉၀၈၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ ဓမ္မရာဇာ(၂၈)လမ်း၊ မြေကွက်(၂၂၃/က)၊ မြေပေအကျယ်(၂၀x၆၀) ပေရှိ မရင်မြင့်နှင့် မစိန်စိန်တို့အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်ကို အရပ်ကတိစာချုပ်ဖြင့်ပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးသက်တင် ၁၂/ဥကတ(နိုင်)၁၃၇၄၅၉၊ ဒေါ်မြင့်မြင့်သန်း ၁၂/ဥကတ(နိုင်)၀၈၄၇၉၆၊ ဦးတင့်ဝေဖြိုး ၁၂/ဥကတ(နိုင်)၁၆၁၀၁၄၊ ဦးယဉ်ဖြိုး ၁၂/ဥကတ(နိုင်)၁၈၁၅၇၃တို့က ယင်းမြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်လုံးချင်းနေအိမ် အပါအဝင်ကို မိမိတို့သာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့၏သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံ မြေကွက်အား အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၆၅၅၉၆ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ချိုဦး ၁၀/မလမ(နိုင်)၁၇၉၅၆၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/92191, Honda PCX ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းကျန်တစ် (၁၃/တခလ(နိုင်)၀၄၁၈၃၁)က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(တာချီလိတ်**

## ဗဟိုဗလီကြီး ဂေါပကအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ဗလီကြီးပိုင်မြေနှင့်အဆောက်အအုံများကို အကြီးစားပြင်ဆင်နေမှုအား ရပ်တန့်ပါရန်နှင့် ဆောင်ရွက်နေခြင်းအပေါ် ဆက်လက်ဆောင်ရွက်ခြင်းမပြုပါရန် သက်ဆိုင်သူများနှင့် အများသိစေရန် သတိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်ရှိ ယခင် အင်ဒါဒွလ်အိုလူးမ် မြန်မာအာရဘီကျမ်းစာသင်ကျောင်း ဖွင့်လှစ်ထားသည့် မြေနှင့်အဆောက်အအုံများသည် ဗဟိုဗလီကြီးပိုင်မြေနှင့် အဆောက်အအုံများ ဖြစ်ပါသည်။ ဥက္ကဋ္ဌ ဟာဂျီမင်းလွင် ဦးဆောင်သော ဗဟိုဗလီကြီးဂေါပကအဖွဲ့သည် အဆိုပါမြေနှင့် အဆောက်အအုံများ၏ စီမံခန့်ခွဲအုပ်ချုပ်ခွင့်ရှိသော တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ပါသည်။

အင်ဒါဒွလ်အိုလူးမ် မြန်မာအာရဘီကျမ်းစာသင်ကျောင်းသည် ကချင်ပြည်နယ် သာသနာရေးမှူးရုံး၏ (၂၉-၈-၂၀၁၂)ရက်စွဲပါစာအမှတ်-၀၃/သသန-၈/၂၀၁၂အရ တရားဝင်ယာယီ ပိတ်သိမ်းထားပါသည်။ အဆိုပါကျောင်းအား ပြန်လည်ဖွင့်လှစ်ခွင့်ပြုကြောင်း မည်သည့်တာဝန်ရှိသူကမှ ဗဟိုဗလီကြီးဂေါပကအဖွဲ့ထံ တရားဝင် အသိပေးအကြောင်းကြားစာ ပေးပို့ခြင်း မရှိသေးပါ။

ထိုသို့သောအခြေအနေတွင် ဦးစိုးနိုင်ဦးဆောင်သော ကျောင်းကော်မတီဟောင်းအဖွဲ့မှ အင်ဒါဒွလ်အိုလူးမ် မြန်မာအာရဘီ ကျမ်းစာသင်ကျောင်းပြန်လည်ဖွင့်လှစ်ရန်ဟူသောအကြောင်းပြချက်ဖြင့် လက်ရှိဂေါပကအဖွဲ့၏ ခွင့်ပြုချက်သဘောတူညီချက်ရယူခြင်းမရှိဘဲ ဆပ်ကော်မတီများထပ်ဆင့် ဖွဲ့စည်းခြင်း၊ ယခင်ကျောင်းဖွင့်လှစ်ခဲ့သည့် ဗဟိုဗလီကြီးပိုင် အဆောက်အအုံများအား အကြီးစားပြင်ဆင်မှုပြုလုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ခြင်းသည် ဗဟိုဗလီကြီး၏ ပိုင်ဆိုင်ခွင့်အခွင့်အရေးနှင့် ဗဟိုဗလီကြီးဂေါပကအဖွဲ့၏ တရားဝင်စီမံခန့်ခွဲပိုင်ခွင့် အခွင့်အရေးများကို ဆုံးရှုံးစေရန်တမင်ရည်ရွယ်၍ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါ တရားမဲ့ဆောင်ရွက်နေခြင်းများအား ချက်ခြင်းရပ်တန့်ပါရန်နှင့် ထိုသို့ဆောင်ရွက်နေခြင်းအပေါ် အခြားသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အားပေးကူညီခြင်းများ မပြုလုပ်ပါရန် အသိပေးတားမြစ်အပ်ပါသည်။

ဗဟိုဗလီကြီး၏ ပိုင်ဆိုင်ခွင့်အခွင့်အရေးနှင့် ဂေါပကအဖွဲ့၏စီမံခန့်ခွဲပိုင်ခွင့် အခွင့်အရေးကို ထိခိုက်အောင် ဆောင်ရွက်သူမည်သည့် လူပုဂ္ဂိုလ်ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဂေါပကအဖွဲ့၏ လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဦးမင်းလွင်** | **ဦးမျိုးမင်းအောင်(LL.B)** | **ဦးစိုင်းဆိုင်မိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၆၇၇/၁၉၈၈)** | **(စဉ်- ၅၁၄၃၉/၁၉)** | **(စဉ်- ၅၁၆၉၅/၁၉)** |
| **မင်းရပ်၊ နမ-၆၊ မြစ်ကြီးနားမြို့** | **အမှတ်-(၅၆)၊၃၇(စီ)လမ်း ၆၇(အေ) နှင့် ၆၈(အေ)လမ်းကြား၊** | |
| **ဖုန်း-၀၉-၂၄၀၁၉၀၀** | **မဟာမြိုင်(၁)ရပ်ကွက်၊မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့** | |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးတော်၌
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃

ဒေါ်မိစန်းပွင့်ဦး **နှင့်** ဦးနိုင်ဝေလင်း
**(တရားလို)** **(တရားပြိုင်)**

အမှတ်၂၄/အေ၊ (၃-လွှာ)၊ ၆-လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ တရားပြိုင် ဦးနိုင်ဝေလင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မိစန်းပွင့်ဦးက "ခင်ပွန်းဖြစ်သူ၏ လစဉ်ဝင်ငွေမှ သုံးပုံတစ်ပုံအား မယားစရိတ် ပေးစေလိုမှု"အား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စား ရုံးတော်အခွင့် အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်က ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောလင်းထက်ဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ နှောကန်စံပြကျေးရွာ၊ အမှတ်(၄)ရပ်ကွက်နေ ဦးသန်းဝင်း-(ဒေါ်အေးအေးစန်း)တို့၏ သမီးလတ်ဖြစ်သူ ဒေါ်အေးအေးမွန်(၉/မလန(နိုင်)၁၅၆၉၀၄)သည် မိဘမောင်နှမများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိသားစုအကျိုးစီးပွားထိခိုက်နစ်နာမှုများဖြစ်စေရန် အကြိမ်ကြိမ်ပြုလုပ်နေသည့်အတွက် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် လူမှုရေး၊ စီးပွားရေးအပါအဝင် မည်သည့် ပြဿနာအရှုပ်အရှင်းကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မိဘဆွေမျိုးများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်ဖြစ်သူဦးသန်းဝင်း(၉/မလန(နိုင်)၀၇၁၃၃၂)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေခိုင်သွယ်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၁၆)**
**အမှတ်(၈၇)၊ သုနန္ဒာ(၂)လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၅၈၅၂၉၉၂၅**

## ပတ်စ်ပို့ပျောက်

ကချင်ပြည်နယ်၊ တနိုင်းမြို့၊ ကင်ဆားရာရပ်ကွက်၊ ဒေါ်ခင်မမ(ဘ) ဦးစိန်ငွေ(ခ)ဦးမြင့် ၁/မညန(နိုင်)၀၈၁၅၂၁ ၏ နိုင်ငံကူးပတ်စ်ပို့ MA-903756 သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးနိုင်ပါရန် ကြေညာအပ်ပါသည်။ **ဒေါ်ခင်မမ**

ဖုန်း-၀၉-၄၅၆၇၂၇၂၂

## မွေးသက္ကရာဇ်အမှန်

တနိုင်းမြို့၊ အထက-၁၊ Grade-12 (C) မှ မအေးနန္ဒာထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၂-၂၀၀၈ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့၊ အထက (မြို့မ)ကျောင်း Grade-12 မှ မယမင်းသူ၏ မိခင်အမည်မှန်မှာ ဒေါ်စန်းမြင့်ဝင်း ၈/ဂဂန(နိုင်) ၀၈၀၇၇၂ ဖြစ်ပါကြောင်း။

**ဒေါ်စန်းမြင့်ဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ (၆)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၆)၊ မြေကွက်အမှတ်(၂၁၄)၊ မြေဧရိယာ(၀.၁၈၄)ကေရှိမြေအား ဦးဇော်မျိုးထက်မှ အမည်ပြောင်း၊ သက်တမ်းတိုးမြေငှားဂရန်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း၊ သက်တမ်းတိုးမြေငှားဂရန်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ဖခင်အမည်မှန်

ကျွန်းလှမြို့၊ အထက (ကျွန်းလှ) Grade-11 မှ မစုမြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းလေး ၅/ကလန(နိုင်)၀၄၅၈၀၅ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ကျွန်းလှမြို့၊ အထက (ကျွန်းလှ) (Grade-12)မှ မပိုးအိခိုင်၏ မိဘအမည်မှန်မှာ ဦးကျော်ခိုင်စိုး ၅/ကလန(နိုင်)၀၃၅၁၉၄ နှင့် ဒေါ်စိန်လှ ၅/ကလန(နိုင်)၀၃၅၀၂၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/ဒက္ခိဏသီရိရပ်)၊ မြေကွက်အမှတ် (ဒ-၁၁၀၂)၊ မြေဧရိယာ (၀.၃၃၀)ကေရှိ ဦးကံလှ (ဘ)ဦးအောင်ငြိမ်း ၇/ပခန(နိုင်)၁၉၃၉၀၁ အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးကံလှထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၂၄၇၆/၂၀၂၁)၊ (၂၇-၁၂-၂၀၂၁)ရရှိထားသူ ဦးစိုးဇေယျာထွန်း (ဘ)ဦးအောင်မြင့် ၉/လဝန(နိုင်)၁၅၀၁၃၈မှ ဒေါ်ခင်စန္ဒာကျော် (ဘ)ဦးကျော်ထွန်း(ခ)ဝမ်းကြူ ၁၄/ကပန(နိုင်)၁၁၄၁၃၀နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ခူဝံ(၂)လမ်း၊ အလျား(၃၀)ပေxအနံ(၅၀)ပေရှိမြေကွက်အမှတ် ၂၈၉/၃၁၉ ပိုင်ဆိုင်သူအမည် ဦးဇော်လင်းဝင်း (၁၂/ကတန(နိုင်)၁၄၄၆၃၂) အမည်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြု လုပ်မည်ဖြစ်ပါသည်။

ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံ တရားဝင်ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာစာပါသည့် (၁၈-၉-၂၀၂၅)ရက်မှစ၍ (၂-၁၀-၂၀၂၅)ရက်အထိ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဇော်လင်းဝင်း**
**၁၂/ကတန(နိုင်)၁၄၄၆၃၂ တော်ဝင်လမ်း၊ အေးရိပ်ငြိမ်ရပ်ကွက်**
**ဖုန်း-၀၉-၆၉၆၉၁၁၂၁၁**

## ဖခင်အမည်မှန်

ကျွန်းလှမြို့၊ အထက (ကျွန်းလှ) Grade-12 မှ မောင်စိုင်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမှူးခင် ၅/ကလန(နိုင်)၀၂၀၄၅၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျွန်းလှမြို့၊ အထက (ကျွန်းလှ) Grade-10 မှ မစုမွန်မွန်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းဝင်းထွန်း ၅/ကလန(နိုင်)၀၃၃၂၅၅ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 28W/19504, Fekon-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၈/ပခက(နိုင်)၀၂၃၆၂၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/76019, Lonxuan-110, M/C ယာဉ်လက်ဝယ်ရှိသူ Lucky Thukha Co.,Ltd က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ်(၆၄၉) ဟုခေါ်တွင်သော မြေအလျား X အနံ(၄၀ X ၆၀)ပေရှိ မြေချပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော [မြေကွက်အမှတ်(၆၄၈)နှင့် ကပ်လျက်အခြမ်း](၂၀X၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ရွှေ (၁၂/လကန(နိုင်)၀၅၁၅၇၆)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမောင်မောင်(၁၀/မလမ(နိုင်)၀၃၄၉၅၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဝေယံကျော်(၁၂/လသယ(နိုင်)၀၈၀၅၅၃)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းသူရဇော် (LL.B)** — အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး (LL.B)** — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)
**ဦးရဲသီဟ (LL.B)** — အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၁၀၇)ဟုခေါ်တွင်သော မြေအလျား X အနံ (၄၀ X ၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးဌေးလွင်(၅/ကလတ(နိုင်)၀၀၇၃၆၆)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နီနီဦး(၅/ကဘလ(နိုင်)၁၀၈၅၃၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးအောင်ကြီး(၁၂/မဂတ(နိုင်)၀၈၆၄၃၅)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းသူရဇော် (LL.B)** — အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး (LL.B)** — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)
**ဦးရဲသီဟ (LL.B)** — အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၅၆-ကျောင်းကြီးရပ်)၊ ဦးပိုင်အမှတ်(၆၉)၊ ဧရိယာ(၀.၁၀၆)ကေရှိ မြေကွက်အား ဒုဗိုလ်မှူးကြီး မြင့်သိန်းရွှေအမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ်-၃၀၅၅/၉၂)ဖြင့် အမည်ပေါက်ပိုင်ဆိုင်ထားရာ မြေငှားဂရန်မူရင်းမှာ ခရီးသွားလာရာတွင် ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးမြေငှားဂရန် အသစ်ပြန်လည်လျှောက်ထားရန်အတွက် ဂရန်မိတ္တူကူးယူခွင့်တင်ပြခြင်း၊ ဂရန်ပြန်လည် လျှောက်ထားခြင်းအား ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဦး**
**ဦးမြင့်သိန်းရွှေ၏အထွေထွေကိုယ်စားလှယ်**
**ဖုန်း-၀၉-၂၅၉၂၀၃၆၉၉**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ ကံ့ကော်မြိုင်(၁)လမ်း၊ အမှတ်၇၀ ပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ (၆-လွှာ)၊ (B-6)၊ တိုက်အကျယ်ပေ(၁၈X၅၅)ပေရှိ ရေ/မီးပါသော တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဝင်းဇော်အောင်(၁၂/ဥကတ(နိုင်)၀၃၇၀၆၉)မှ ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမျှမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်မီမီဦး(၁၂/ဥကတ(နိုင်)၁၃၈၉၈၄)မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်ရက်မှ(၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**ဒေါ်မီမီဦး၏ ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၆၆၀၅(၂၀-၇-၁၉၉၈)**
**ရုံး/အိမ်-အမှတ်(ဃ/၃၀၄)၊ပထမထပ်၊ ခေမာသီလမ်း၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၅၄၀၇၂၂၉။**

## Golden City Business Management ၏ တာဝန်ရှိသူများသိရှိပါရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်းမ၊ Golden City အိမ်ရာတွင် နေထိုင်သူ အခန်းပိုင်ရှင် များပါဝင်သည့် Golden City Resident Committee (ယာယီ)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

Golden City အိမ်ရာကို မူလတည်ဆောက်သူဖြစ်သော Golden Land Real Estate Development Co.,Ltd သည် အိမ်ရာအခန်းပိုင်ရှင်များ၏ ဆန္ဒပြုမှုမပါဝင်ပဲ Golden City Business Management (GCBM) ကိုဖွဲ့စည်း တည်ထောင်ခဲ့ပြီး အခန်းပိုင်ရှင်များထံမှ Property Management Fees (PMF) များ နှစ်စဉ်ကြိုတင်ကောက်ခံ၍ အိမ်ရာ အတွင်း အထွေထွေဝန်ဆောင်မှုများ ပေးအပ်ရန် လွှဲအပ်ခဲ့ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

အခန်းပိုင်ရှင်များအနေဖြင့် GCBM ကနှစ်စဉ်ကောက်ခံသော (PMF) များကို ပေးသွင်းနေကြသော်လည်း အိမ်ရာအတွင်း ယိုယွင်းပျက်စီးမှုများဖြစ်ပေါ်နေခြင်း၊ လုံခြုံရေးဝန်ဆောင်မှုများအားနည်းခြင်း၊ နေထိုင်သူတို့အပေါ် ကျရောက်ဖွယ်ရှိသည့် ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာတို့ အားနည်းခြင်း၊ အများသုံးပစ္စည်းကိရိယာများဖြစ်ကြသော Mechanical Car Parking ကောင်းစွာ အလုပ်မလုပ်ခြင်း၊ ဓာတ်လှေကားများ ပြုပြင်ထိန်းသိမ်းမှုအားနည်းခြင်းတို့ အပါအဝင် အခန်းပိုင်ရှင်တို့ မူလဝယ်ယူစဉ်က ပေးအပ်မည်ဖြစ်ပါကြောင်း ကတိကဝတ်ပြုခဲ့သည့် Facilities များပြည့်ဝစွာ အလုပ်မလုပ် ပေးနိုင်ခြင်းတို့ ဖြစ်ပေါ်နေလျက်ရှိပါကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

အထက်ပါအကြောင်းအရာတို့အပါအဝင် အိမ်ရာအတွင်း လိုအပ်ချက်များစွာကို အခန်းပိုင်ရှင် ကိုယ်စားလှယ် များနှင့် GCBM တို့ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးပါသော်လည်း ဝန်ဆောင်မှုပေးသူ ယင်းကုမ္ပဏီက လိုက်နာဆောင်ရွက်ပေးခြင်း မရှိခဲ့ပါဟု ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့သော်လည်း အိမ်ရာနေထိုင်သူများထံမှ ကောက်ခံထားသော (PMF) များကို မည်သို့အသုံးပြု သုံးစွဲထားသည် ကို ပွင့်လင်းမြင်သာစွာတင်ပြပေးခြင်း မရှိခဲ့သလို၊ အခန်းပိုင်ရှင်များဘက်က သီးခြားလွတ်လပ်သော စာရင်းစစ်အဖွဲ့ စစ်ဆေးခွင့်ကိုလည်း ခွင့်မပြုခဲ့ပါဟု ညွှန်ကြားချက်အရ သိရှိရပါသည်။

ထိုကဲ့သို့ စီမံခန့်ခွဲမှုများ ဝန်ဆောင်မှုများ ယိုယွင်းယုတ်လျော့လာသည့် ကိစ္စရပ်များကြောင့် အိမ်ရာ နေထိုင်သူ များအနေဖြင့် အဆင်မပြေမှု၊ စိတ်အနှောင့်အယှက်များခံစားနေရပါကြောင်း၊ အသက်အန္တရာယ်လုံခြုံမှုအတွက် အာမခံနိုင်မှုအပေါ် စိုးရိမ်နေရခြင်းများအတွက် Golden City Business Management ကုမ္ပဏီအနေဖြင့် ယခုကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း အခန်းပိုင်ရှင်များနှင့်အတူ အထက်ပါတောင်းဆိုချက်များ၊ ကတိကဝတ်များကို ပူးပေါင်းဖြေရှင်းပေးပါရန် နှင့် မူလအိမ်ရာတည်ဆောက်သူ Golden Land Real Estate Development Co.,Ltd မှ တာဝန်ရှိသူများအနေဖြင့်လည်း လုံခြုံအေးချမ်းသာယာသော မိသားစုအိမ်ရာဝင်းတစ်ခုဖြစ်ပေါ်တည်တံ့စေရေးအတွက် လိုအပ်ချက်များကို လိုအပ်သလို အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက် ပေးပါရန် ညွှန်ကြားချက်များအရ ကျွန်ုပ်တို့က တိုက်တွန်းတောင်းဆိုလိုက်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမျိုးမြင့်အောင်** — စဉ်-၂၅၁၆၅
**ဦးအေးမင်းသူ** — စဉ်-၂၆၁၉၉

**အထက်တန်းရှေ့နေများ**
**အမှတ် - ၅၈/၆၀ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ စက်မှုလယ်ယာ(၁)လမ်း၊ မြေကွက်အမှတ်(၁၁၇) ဦးစိုးအောင် အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ်ပေ (၄၀X၆၀)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ပါမစ်မူရင်းခြမ်း) မြေအကျယ်ပေ(၂၀X၆၀)ရှိ မြေနှင့်ယင်းမြေကွက်ပေါ်ရှိ မီးပါသည့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုဒေါ်နှင်းယုခိုင်(၁၂/ဥကတ(နိုင်)၀၄၇၂၆၂)သည် အမည်ပေါက်ထံမှတစ်ဆင့်၊ အဆင့်ဆင့်သောအရောင်းအဝယ်စာချုပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ပါမစ်မူရင်းနှင့် အရောင်းအဝယ်ပြုခဲ့ ပြီးသည့် အဆင့်ဆင့်သောအရောင်းအဝယ်စာချုပ်အားလုံးတို့သည် စစ်မှန်သည်ကို(အလုံးစုံ)တာဝန်ယူပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးစိုးလွင် (၈/အလန(နိုင်)၁၃၅၂၈၇)မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်ရက်မှ(၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးစိုးလွင်၏ ညွှန်ကြားချက်အရ-**

**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၆၆၀၅(၂၀-၇-၁၉၉၈)**
**ရုံး/အိမ်-အမှတ်(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၅၄၀၇၂၂၉။**

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ဟင်္သာတမြို့နယ်၊ အမက-တောင်ပို့တန်းကျောင်းမှ လ/ထ မူလတန်းပြဆရာမ ဒေါ်ထက်မွန်ဦး ၈/ရစက(နိုင်)၁၉၆၂၂၄ ၏ ဖခင်အမည်မှာ ဦးဇော်ဦး(ခ) ဦးဇော်လှိုင်ဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ထက်မွန်ဦး**

## ဖခင်အမည်မှန်

လှိုင်သာယာ(န)မြို့နယ် အထက(၂)ကျောင်း G-12 မှ မောင်ဇေယျာညိမ်း၏ ဖခင်အမည်မှန်မှာ ဦးခင်ညိမ်း ၁၂/ထတပ(နိုင်)၀၃၈၆၃၂ ဖြစ်ပါကြောင်း။

## အမည်မှန်

လှိုင်သာယာ(န)မြို့နယ် အထက(၂)ကျောင်း G-12 မှ ဦးခင်ညိမ်း၏သား မောင်ဇေယျာညိမ်း ၁၂/ လသန(နိုင်)၀၀၇၉၈၉ အမှန်ဖြစ်ပါကြောင်း။

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ဟင်္သာတမြို့နယ်၊ အမက-အင်းဖျားကျောင်းမှ လ/ထမူလတန်းပြဆရာမ ဒေါ်မေရီငြိမ်း ၁၄/သပန(နိုင်)၁၁၆၇၁၄ ၏ဖခင်အမည်မှာ ဦးမောင်ဝင်း (ခ) ဦးခင်ဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မေရီငြိမ်း**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မောင်ဇော်မင်းထွန်း ၏ ဖခင် ဦးလီဂျုံစန်း ၁၃/ကခန(နိုင်)၀၅၉၃၅၃ ဖြစ်ပါကြောင်း။

**ဦးလီဂျုံစန်း**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော နန်းဆိုင်ဆိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဆိုင်လှိုင်း ၁/ မစန(နိုင်)၀၁၆၄၀၇ ဖြစ်ပါကြောင်း။ **ဦးစိုင်းဆိုင်လှိုင်း**

## ဖခင်တစ်ဦးတည်း ဖြစ်ကြောင်း

ဟင်္သာတမြို့နယ်၊ အမက-လယ်ဦးစုကျောင်းမှ မူလတန်းပြဆရာ ဦးတင်ဇော် ၁၄/ဟသတ(နိုင်)၀၄၅၉၂၁ ၏ ဖခင်အမည်မှာ ဦးအုန်းမောင်(ခ)ဦးအုံးမောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်ဇော်**

## ဖခင်တစ်ဦးတည်း ဖြစ်ကြောင်း

ဟင်္သာတမြို့နယ်၊ အမက-ငှက်ပျောတောကျောင်းမှ လ/ထ မူလတန်းပြဆရာမ ဒေါ်လွင်လွင်ကျော် ၁၄/ဟသတ(နိုင်)၂၆၅၈၀၇ ၏ဖခင်အမည်မှာ ဦးကျော်စိန် (ခ) ဦးမောင်ဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်လွင်လွင်ကျော်**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(ရလပ-၂၂)၊ မြေကွက်အမှတ်-(၅၆၃)၊ အကျယ်အဝန်း(၄၀ပေx ၆၀ပေ)ရှိ (အရပ်အခေါ်အမှတ်(၅၆၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ၂၂-ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်) ဟု ခေါ်တွင်သော နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စည်ပင်အမည်ပေါက်ဖြင့် ဥပဒေနှင့်အညီပိုင်ဆိုင်ထားပြီး၊ မိမိသာလျှင် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်ရင်(၁၂/လသယ(နိုင်)၀၀၉၅၁၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း အထက်ပါ နှစ်(၆၀)ဂရန်မြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/စာရွက် စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက် -၃၉၀/၄၊ စက်မှု (၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ သခင်မြလမ်း၊ မြေကွက် အမှတ်(၈၂)၊ (၄၀X၆၀)ပေအနက်မှတရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း(ရွှေလရောင်လမ်းနှင့်ကပ်လျက်ခြမ်း)ဖြစ်သည့် အမှတ်(၈၂/က)၊ (၃၀X၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဦးတင်ရွှေ၏ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် ဇနီးဖြစ်သူ ဒေါ်စန်းစန်းရီ(၁၂/စခန(နိုင်)၀၁၀၃၇၁)မှ ၎င်းလက်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင် ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးကျော်ကျော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းထူး LL.B** — တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)
**ဦးဇော်မိုးလွင် LL.B** — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)

**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**

## သစ်တောဦးစီးဌာန၊မအူပင်မြို့နယ်မှသစ်စက်ဆက်စပ်ပစ္စည်းများနှင့် ညောင်တုန်းမြို့နယ်မှ ပုံစံ(၈)ဝင်အခြားခွဲသားများအား ဈေးပြိုင်စနစ်ဖြင့်လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

### လေလံအမှတ်စဉ်( ၃/၂၀၂၅)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ပုသိမ်ခရိုင်၊ (တွဲဖက်)မအူပင်ခရိုင်မှ သစ်စက်ဆက်စပ်ပစ္စည်း(၂)စုံနှင့် ပုံစံ(၈)အခြားခွဲသား(၃.၃၃၉)တန်၊ မီးသွေး(၂၅၀)အိတ်(၃၂)တန်အား သစ်တောဦးစီးဌာန၊ ညောင်တုန်းမြို့နယ်၊ မြို့နယ်ဦးစီးဌာနမှူးရုံးတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လေလံတင်ရောင်းချမည့်နေ့** - ၂၄-၉-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)

**လေလံတင်ရောင်းချမည့်အချိန်** - နံနက်(၁၀:၀၀)နာရီ

**လေလံတင်ရောင်းချမည့်ပစ္စည်းများ** - မအူပင်မြို့နယ်မှသစ်စက်ဆက်စပ်ပစ္စည်း(၂)စုံ
ညောင်တုန်းမြို့နယ်မှအခြားခွဲသား (၃.၃၃၉)တန်
မီးသွေး(၂၅၀)အိတ်(၃၂)တန်

၂။ အသေးစိတ်သိရှိလိုသည့်အချက်များအား အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

- ပုသိမ်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး - (၀၉-၄၄၀၂၂၇၃၄၈)
- မအူပင်မြို့နယ်ဦးစီးဌာနမှူး - (၀၉-၂၆၂၆၈၉၆၀၉)
- ညောင်တုန်းမြို့နယ်ဦးစီးဌာနမှူး - (၀၉-၆၇၆၉၂၈၁၇၆)

**လေလံတင်ရောင်းချရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်လမ်း၊တံတားလုပ်ငန်းများအား လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၂၂-၉-၂၀၂၅)ရက်(တနင်္လာနေ့) နံနက်(၉:၃၀)မှ ညနေ (၄:၀၀)

(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** - (၂-၁၀-၂၀၂၅)ရက်(ကြာသပတေးနေ့) (ရုံးဖွင့်ချိန်အတွင်း)

(ဂ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - (၃-၁၀-၂၀၂၅)ရက်(သောကြာနေ့) ညနေ(၄:၃၀)အထိ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်** - (၉-၁၀-၂၀၂၅)ရက်၊ ၁၀:၀၀နာရီ (ကြာသပတေးနေ့)

၂။ **တင်ဒါလျှောက်လွှာဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ စစ်တွေမြို့

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက (၂၂-၉-၂၀၂၅)ရက်မှ (၃-၁၀-၂၀၂၅)ရက်အထိညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ရခိုင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သံထော်လီကျေးရွာအဝင်လမ်း၊ စစ်တွေမြို့၊ ဖုန်းနံပါတ် - ၀၉-၄၀၀၄၁၀၆၇၃၊ ၀၉-၂၅၀၇၅၅၇၄၉၊ ၀၉-၂၅၀၉၉၉၉၄၈သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက (၁၃)ကျောင်း Grade-9 (A)မှ မကေသွယ်မိုး၏ ဖခင်အမည်မှန်မှာ ဦးဆတရာလေး ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ပဲခူးမြို့၊ အခြေခံပညာ အထက်တန်းကျောင်း၊ မြို့အနောက် (ခ) Grade-2(A) တွင် ပညာသင်ကြားနေသူ (ဘ)ဦးရဲထွဋ်ဝင်း ၇/ပခန(နိုင်)၂၄၈၄၁၁ ၏သမီးဖြစ်သူ မနှင်းအဥ္ဇလီထွဋ်အား မနှင်းရွှေမှုံဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မနှင်းရွှေမှုံဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းယောင်းမြို့၊ အမက(မိုင်းခမ်း) ကျောင်းမှ အထွေထွေလုပ်သား ဦးကာဗေလု(ခ)ဦးကာဗေလ ၁၃/တခလ(နိုင်)၀၃၅၂၈၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင်အမည် ဦးဆားခေ့(ခ)ဦးစောခေ့ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၈-ရပ်ကွက်၊ မဟာဗောဓိလမ်း၊ အမှတ် (၈၆၂/က) တွင် ဆောက်လုပ်ထားသော ၂-ခန်းတွဲ ၈-ထပ်ခွဲတိုက်အနက်မှ အခန်းအမှတ် - ပထမထပ် (A-1)၊ ဧရိယာ (၁၂၅၀) စတုရန်းပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့် ကားပါကင် (၁) စီးထားရန်နေရာအပါအဝင် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသူ ဒေါ်အေးကြည်ညိမ်း (ဘ) ဦးမြင့်သိန်း (၁၂/မရက(နိုင်)၁၂၇၁၄၄) အမှတ် (၈၆၂/က)၊ မဟာဗောဓိလမ်း၊ ၈-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်း အဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်/၁၆၁၉၆)**
**ဖုန်း-၀၉-၅၁၇၁၄၃၃**

**ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်/၇၅၁၅)**
**ဖုန်း ၀၉-၂၅၄၄၈၈၃၃၀**

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

၂၀၂၅ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို ခုံအမှတ်-မမလ/၁၀၂ ဖြင့် အောင်မြင်ခဲ့သော မောင်ဝင်းထွဋ်ကျော်၏ဖခင် ဦးမောင်ထွေး ၉/ကပတ(နိုင်)၁၄၁၅၀၉ နှင့် ဦးခင်မောင်ထွေးမှာ အမည်ကွဲလွဲသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ထွေး(ခ)ဦးခင်မောင်ထွေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ကံ့ကော်မြိုင်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားသော G-12 မှ မကေသဇင်၏ဖခင် ဦးအမိဟူဆောင် ၁၂/ဒဂတ(နိုင်)၁၁၇၂၇၆နှင့် ဦးခင်မောင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအမိဟူဆောင်(ခ)ဦးခင်မောင်**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မဝတ်ရည်ခိုင်၏ ဖခင် ဦးဇော်၏ အမည်မှန်မှာ ဦးမောင်ဇော် ၉/ရမသ(နိုင်)၀၉၀၄၄၈ ဖြစ်ပါကြောင်း။

**ဦးမောင်ဇော်**

## မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့၊ အထက (မြို့မ)ကျောင်း Grade-12မှ မမြတ်နိုးပွင့်ဖြူ၏ မိခင်အမည်မှန်မှာ ဒေါ်မော်လီဌေး ၄/မတပ(နိုင်)၀၃၇၅၉၃ ဖြစ်ပါကြောင်း။ **ဒေါ်မော်လီဌေး**

## မွေးသက္ကရာဇ်အမှန်

ဦးမောဒမ်း-ဒေါ်တောလိတ်တို့၏သမီး ၂၀၁၈ တက္ကသိုလ်ဝင်စာမေးပွဲကို ခုံအမှတ် စနဆ ၂၀ ဖြင့် အောင်မြင်ခဲ့သည့် မယော်နီလာဆန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၆-၁၉၉၇ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးခင်မောင်လင်း၏သမီး အထက ဖောင်းပြင် G-12 ($S_2$) တွင် တက်ရောက်နေသော မဟယ်ဘီလင်း၏ အမည်မှန်မှာ မဟယ်ရီလင်း ဖြစ်ပါကြောင်း။

**မဟယ်ရီလင်း**

## အများသိစေရန် အသိပေးကြေညာခြင်း

